လူတိုလပ်တဲ့လူ

မမ္မဝိဟာရီ အရှင်ဉာဏာ

၁၃၆၈ခုနှစ် ပြာသိုလဆန်း ၁ရက်

၂၀၀၆ခုနှစ် ဒီဇင်္ဘာလ ၁၉ရက်

လွတ်လပ်တဲ့လူ

အခန်း(၁)
လွတ်လပ်တဲ့သူ နိဒါန်း

၁။ လွတ်လပ်သောစိတ်ဆိုတာ ဘာလဲ

-ဒကာတို့ရောက်ခိုက်မှာ သိချင်တာရှိယင် အားနာတာတွေ၊ ညှာတာတာတွေ ထားမနေဘဲ မေးနိုင်ကြတယ်။

-မေးဖို့ပါပဲ ဘုရား။

-သိယင် သိတာဖြေမှာပဲ၊ မသိယင် မသိဘူးဖြေမှာပဲ။

-ကျေနပ်လှပါပြီ ဘုရား။

-ချုတတ်သူမှ သစ်သီးကောင်းစားရမှာပဲ။

-ဒီတပတ်မှာ တရားမမေးဘဲ တခြား မေးချင်တာဘုရား။

-တရားဟောနေသူဆီက တခြားသိရပါ့မလား။

-အဲဒီလောက် တခြားလည်း မဟုတ်တာပေါ့ဘုရား။

-တရားလည်းမဟုတ်၊ တခြားလည်းမဟုတ်တာ ဘာရှိလို့လဲ။

-အဲဒါ ရှိပါတယ် ဘုရား။

-လုပ်စမ်းပါဦး။

-လွတ်လပ်တဲ့လူဆိုတာ ဘာလဲပေါ့ ဘုရား။

-အရိယအဖြစ်ပြချက်လား။

-အရိယအဖြစ်ပြချက်ဟာ ရှိကိုရှိမှ ဖြစ်မှာကြောင့်ပါပဲ ဘုရား။

-ဘယ်ကြောင့်လဲ။

-အခုတလောမှာ စာတအုပ်ဖတ်ရပါတယ် ဘုရား။

-ဘာအကြောင်းရေးထားတဲ့ စာအုပ်လဲ။

-စိတ်လွတ်လပ်မှုဆိုင်ရာ ရေးထားတာပဲ ဘုရား။

-ဘာနာမယ်နဲ့လဲ။

-လွတ်လပ်သောစိတ်ဆိုတဲ့ နာမယ်နဲ့ပါ ဘုရား။

-ဘယ်သူရေးတာလဲ။

-ပျဉ်းမနား၊ မဟာမြိုင်တောရဘုန်းကြီးပဲ ဘုရား။

-ဘာသာရေးစာအုပ်လား။

-ဘုန်းကြီးရေးတာဆိုတော့ ဘာသာရေးပေါ့ ဘုရား။

-ဒီလိုမလုပ်နဲ့လေ...

-ဘာဖြစ်လို့လဲ ဘုရား။

-ရွှေကိုင်းသားတို့၊ ကိုပညာတို့ဆိုတဲ့ စာရေးဆရာတွေဟာ ဘုန်းကြီးတွေဆိုတာ ကြားဖူးမှာပေါ့။

-ကြားဖူးပါတယ် ဘုရား။

-သူတို့ရေးတာတွေဟာ ဘာသာရေးဟုတ်လို့လား။

-ဒါပေမယ့် ဒီဘုန်းကြီးကတော့ ဘာသာရေးစာရေးဆရာ ဘုန်းကြီးပါ ဘုရား။

-သူက ဗုဒ္ဓဘာသာဘုန်းကြီးဆိုတော့ သူကပြောတဲ့ လွတ်လပ်တဲ့စိတ်ဆိုတာ ဗုဒ္ဓဘာသာကပြောတဲ့ လွတ်လပ်တဲ့စိတ် ဖြစ်ရမှာပေါ့။

-ဟုတ်တာပေါ့ ဘုရား။

-အဲဒီ လွတ်လပ်တဲ့စိတ်ဟာ ဗုဒ္ဓဘာသာကို ကိုယ်စားပြုရဲ့လား။

-ပြုတာပေါ့ဘုရား။

-ဘာတွေ ရေးထားလို့လဲ။

-မာတိကာမှာ ခေါင်းစဉ်လေးဆယ့်ရှစ်ချက် ရှိတဲ့အထဲမှာ လွတ်လပ်လို့ မပါတာက ၇ခု ရှိပါတယ်ဘုရား။

-ခေါင်းစဉ်လေးဆယ်ကျော်မှာ လွတ်လပ် ပါနေတာပေါ့။

-ဟုတ်ပါတယ် ဘုရား။

၂။ လွတ်လပ်အောင် ဘယ်လိုလုပ်ကြမလဲ

-လွတ်လပ်မှုကို အတော်မြတ်နိုးတဲ့ပုံပဲ။

-လူတွေက လွတ်လပ်မှု မွတ်သိတ်နေကြပြီး ဘယ်သူ့ဆီမှ တောင်းတာလည်း ပေးသူမရှိတာ မြင်နေရတော့ စိတ်ပေါက်ပေါက်နဲ့ လွတ်လပ်မှုတွေ ဖြန့်ကြဲလိုက်တာလို့ ထင်ရလောက်အောင်ပါပဲ ဘုရား။

-လူတွေ လွတ်လပ်မှု မွတ်သိတ်ကြလို့လား။

-လွတ်လပ်မှုငတ်ပြီး ဟတ်ပက်ဟတ်ပက် ဖြစ်နေကြမှပဲ ဘုရား။

-တကယ်လိုချင်ယင် ရအောင်လုပ်ကြရမှာပေါ့။

-အမြဲ ဆန္ဒပြနေကြတာပဲ ဘုရား။

-ဘယ်လိုဆန္ဒပြလို့လဲ။

-တယောက်ချင်းရော၊ အုပ်စုလိုက်ရော ခွဲပြကြတာပဲ ဘုရား။

-ဆန္ဒပြရုံနဲ့ ရပါ့မလား။

-ကလေးပဲ၊ ငိုပြတာထက် ဘာတတ်နိုင်မှာလဲပေါ့ ဘုရား။

-ဒီလိုလည်း ဘယ်ဟုတ်မလဲ။

-ဘယ်လိုလဲ ဘုရား။

-စိတ်ကောက်ပြတာ လုပ်နိုင်တာပဲ။

-မခေါ်မပြော နေရမှာလား ဘုရား။

-အဲဒီထက် ပိုပါတယ်။

-ဘာတွေလဲ ဘုရား။

-ချော့မြှူဖျားယောင်းတာတွေ ဘာမှလက်မခံတော့တာအထိ လုပ်ရမှာပဲ။

-ဒီလိုလုပ်ယင် ပြတ်သွားမှာပေါ့ဘုရား။

-ပြတ်သွားယင် သူတို့ပျက်သွားမှာပေါ့။

-သူတို့ပဲပျက်တာမဟုတ်ဘဲ ကိုယ်ပါပျက်သွားယင် ဘယ်လို လုပ်မလဲ ဘုရား။

-အဲဒါ အရေးမဟုတ်တာဘဲ။

-ဘယ်လိုလဲ ဘုရား။

-အရင်းအတိုင်း ဖြစ်လို့ပေါ့။

-နဂိုက ပျက်ပြီးသားမို့လား ဘုရား။

-သပိတ်စုံယင်သူပုန်ထလို့ ကြားဖူးတယ် မဟုတ်ဘူးလား။

-အဲဒီလိုတော့ မလုပ်ကြသေးဘူးပေါ့ ဘုရား။

-တယောက်ထဲ နိဗ္ဗာန်မဂ်ဖိုလ် ရရပါလို၏လို့ ကိုယ့်ဆန္ဒကိုယ်ပြ နေတာနဲ့ အများတွေစုမိတိုင်း နိဗ္ဗာန်မဂ်ဖိုလ်ရရပါလို၏လို့ လိုအင်ဆန္ဒတွေ ပြလာခဲ့ကြတာက ဘယ်လောက်ကြာခဲ့ကြပြီလဲ။

-ဘယ်လောက်ကြာပြီ မပြောနိုင်အောင်လို့ပါပဲ ဘုရား ။

-အဲဒီဆန္ဒပြကြသူတွေ ဘယ်သူလွတ်လပ်သလဲ။

-မကြားဖူးပါဘူး ဘုရား။

-ဆန္ဒပြတာမရယင် ငိုရမှာ။

-အဲဒါမရယင် စိတ်ကောက်ပြပြီး အဆက်ပြတ်အောင် လုပ်ရမှာပဲလား ဘုရား။

-ဒီလိုလုပ်ယင် သူတို့ ဘယ်ခံနိုင်မှာလဲ။

-သူတို့က အပေါ်စီးကဆိုတော့ သူတို့မခံနိုင်တာက နောက်ဖြစ်လိမ့်မယ် မဟုတ်လားဘုရား။

-ဒီလို မဟုတ်ဘူး။

-ဘယ်လိုလဲ ဘုရား။

-ကိုယ်တွေမရှိဘဲ သူတို့ချည်း ဘာနဲ့ရပ်တည်မှာလဲ။

-သူတို့ မရပ်တည်နိုင်ယင် ဘာလုပ်မှာမို့လဲ ဘုရား။

-လွတ်လပ်မှုပေးဘို့ လုံးပမ်းကြရမှာပေါ့။

-လွတ်လပ်မှုမပေးတာက လွတ်လပ်မှုလမ်း ပျောက်နေပြီး မမြင်လို့များလား ဘုရား။

-ဒါလည်း တကြောင်းပါတာပေါ့။

-နောက်အကြောင်းကကော ဘုရား။

-သူတို့က စည်းစိမ်ပါဝါအာဏာတွေမှာ မေ့မူးနေကြလို့ပဲ။

-သူတို့ကို ဒီလိုလုပ်ဖို့ အခွင့်အရေးပေးထားလို့လား ဘုရား။

-ပရူပဇီဝိကတွေပဲ။

-သူများနှာခေါင်းနဲ့ အသက်ရှူခွင့်ရသူလို့ ဆိုလိုတာလား ဘုရား။

-စားဝတ်နေရေး ကျန်းမာရေးမှာ သူတို့ဟာသူတို့ တာဝန်ယူကြ လို့လား။

-ဟုတ်ပါ့ဘုရား။

-သူတို့က လူတန်းစားတရပ်အဖြစ် အားအင်တွေကြီးလာတော့ စည်းစိမ်အာဏာပါဝါတွေ ပြည့်လာတာပဲ။

-ဒါကြောင့် သူတို့က သူတို့လုပ်ငန်း မလုပ်ကြတော့တာလား ဘုရား။

-ဒါပဲ။

-သူတို့လုပ်ငန်း သူတို့လုပ်ကြအောင် သူတို့ကို ချော့လို့မရတော့ဘူးလား ဘုရား။

-ချော့ယင် မြှောက်ပေးတယ်ထင်မှာပဲ။

-ဘယ်လိုလုပ်ရမလဲ ဘုရား။

-သူတို့နဲ့ မပလူးတော့ဘို့ပဲ။

-ပလူးတဲ့သူက ပလူးနေယင်ကော ဘုရား။

-အဲဒီလူကိုပါ မပလူးရမယ့်သူထဲထည့်ပြီး မပလူးပဲထားပေါ့။

-မပလူးဘဲနေတယ်ဆိုတာ ဘယ်လိုနေတာမျိုးလဲ ဘုရား။

-သူတို့ပါတဲ့ ပွဲလမ်းတွေ မတက်ဘူး၊ သူတို့စာတွေ မဖတ်ဘူး၊ သူတို့ ဟောပြောတာတွေ နားမထောင်ဘူး၊ သူတို့နဲ့ အပေးအယူ မလုပ်ဘူး၊ သူတို့သုံးတဲ့ယာဉ်၊ အဆောက်အဦ မသုံးဘူး... အစစပေါ့။

-ဒီလိုလုပ်တာခံရယင် သူတို့လုပ်ငန်းပဲ သူတို့လုပ်ကြမလား ဘုရား။

-သူတို့ကို လူတွေက မကြည်ပြတာတွေ ခံရယင် စည်းစိမ်အာဏာပါဝါတွေနဲ့ ဘယ်ယစ်မူးနိုင်ကြပါ့မလဲ။

-သူတို့လုပ်ငန်း သူတို့လုပ်ကြယင် လူတွေလွတ်လပ်ကြမလား ဘုရား။

-လွတ်လပ်ပြီပေါ့။

-ဘယ်လိုလဲ ဘုရား။

-သူတို့လုပ်ငန်းဟာ လူတွေလွတ်လပ်ဖို့တွေလုပ်ဖို့ မဟုတ်ဘူးလား။

-သူတို့ကိုယ်တိုင်က လွတ်လပ်ကြလို့လား ဘုရား။

-ကိုယ့်လုပ်ငန်းကိုယ်မလုပ်တော့ ဘယ်လွတ်လပ်မလဲ။

-သူတို့လုပ်ငန်းကို သူတို့လုပ်ကြယင် သူတို့လွတ်လပ်ကြမလား ဘုရား။

-ကိုယ့်လုပ်ငန်းက လွတ်လပ်ဖို့လုပ်ငန်းပဲ၊ ဒါလုပ်ယင် မလွတ်လပ်ဘဲ နေပါ့မလားပေါ့။

၃။ လွတ်လပ်မှုရဲ့အစွန်းတရားတွေ

-အခုတော့ သူတို့ကိုယ်တိုင် မလွတ်လပ်ကြတာပဲ ဘုရား။

-ကိုယ့်လမ်းကိုယ်မလျှောက်ဘဲ အစွန်းလမ်းတွေ လျှောက်နေလို့တော့ ဘယ်တော့မှ မလွတ်လပ်ဘူးပဲ။

-စည်းစိမ်အာဏာပါဝါ အစွန်းနောက်ကို အားလုံးတော့ လိုက်မယ်မထင်ပါဘူး ဘုရား။

-ဟုတ်မှာပါ။

-အဲဒီလို အစွန်းမရောက်သူတွေဆီမှာ လွတ်လပ်မှုများ ရှိမလား ဘုရား။

-မရှိဘူး။

-ဘာကြောင့်လဲ ဘုရား။

-စည်းစိမ်အာဏာပါဝါနောက် လိုက်တာက အစွန်းတဘက်ပဲ ရှိသေးတယ်။

-အစွန်းရောက်တယ်ဆိုတာ ဒီဟာတမျိုးထဲရှိတာ မဟုတ်ဘူးလား ဘုရား။

-အခြားတဘက်စွန်းတစွန်း ရှိသေးတယ် ။

-အဲဒါ မိန့်ပါဦးဘုရား။

-သဘောတရားအစွန်းပဲ။

-သူတို့က စည်းစိမ်အာဏာပါဝါ မမက်ဘူးလားဘုရား။

-လားလားမှ မမက်ဘူး။

-တကယ် တဘက်စွန်းပဲပေါ့ ဘုရား။

-အဲဒီ တဘက်စွန်းသမားက ရတာကလေးနဲ့ မျှတရုံ စားဝတ်ပြီး လူသူနဲ့ မဆက်ဆံရတဲ့နေရာမှာ နေခါ အလုပ်တွေ ဖိဖိစီးစီးလုပ်တယ်၊ သူလုပ်တဲ့လုပ်ငန်းဟာ သူနဲ့အတူ လူအားလုံး ကိုယ့်ကိုယ်ကို ကိုယ်လို့သိတာက လွတ်လပ်ဖို့တွေဖြစ်တယ်လို့လည်း စိတ်ချနေတယ်၊ ငါစွဲတွေ ဖျောက်ကြဘို့ပေါ့။

-ကောင်းလိုက်တာ ဘုရား။

-ထင်တဲ့အတိုင်းဟုတ်ယင် ကောင်းတာပေါ့။

-မဟုတ်ဘူးလား ဘုရား။

-တဘက်စွန်းလမ်းလို့ဆိုနေမှပဲ ဘယ်ကလာပြီး ထင်တဲ့အတိုင်းဖြစ်မှာလဲ။

-စည်းစိမ်အာဏာပါဝါ ယစ်မူးတဲ့သူနဲ့စာယင် တော်တယ် မပြောထိုက်ဘူးလားဘုရား။

-မပြောထိုက်ဘူး။

-ဘာဖြစ်လို့လဲ ဘုရား။

-သူ ဒုက္ခခံရမယ်၊ သူမရိုးသားဘူး၊ သူအကျိုးနည်းမယ်။

-သူ့အနေနဲ့ သူ့ရဲ့ ဒေသ၊ လူမျိုး၊ ဓလေ့...အစစအခန်းကဏ္ဍကို လုံးဝ ဦးစားမပေးဘဲ အပျောက်ဖျောက်ပစ်နေတယ် ဘုရား။

-သူလုပ်တာ အောင်မြင်တဲ့တနေ့ သူရူးတဲ့နေ့ပဲ။

-လွတ်လပ်မှန်း မလွတ်လပ်မှန်းတောင် သူမသိဘူး ထင်ပါတယ် ဘုရား။

-သူ့ကိုယ်သူ ဖျောက်ပစ်မှတော့ လွတ်-မလွတ်၊ ကောင်း-မကောင်း ဘယ်ရှိတော့မလဲ။

၄။ လွတ်လပ်သူ

-ဘာဖြစ်လို့ ဒါတွေဖြစ်တာလဲ ဘုရား၊ ဒါတွေ မဖြစ်အောင် သူတို့ ဘာတွေလုပ်ရမှာလဲ ဘုရား။

-ကိုယ့်အလုပ်ကိုယ်မလုပ်လို့ ဒါတွေဖြစ်တာပဲ၊ ဒါတွေမဖြစ်အောင် ကိုယ့်အလုပ်ကိုယ်လုပ်ရမှာပဲ။

-ယစ်မူးတာနဲ့ လူမျိုး ဒေသ ဓလေ့တွေ ဖျောက်ပစ်တဲ့အလုပ်လုပ်တာ ကိုယ့်အလုပ်မဟုတ်ယင် ကိုယ့်အလုပ်ဖြစ်အောင် ဘာလုပ်ရမှာလဲ ဘုရား။

-ကိုယ့်အလုပ် ကိုယ်သိဖို့က ပြောလို့မလွယ်ဘူး။

-ဘာဖြစ်လို့လဲ ဘုရား။

-ကိုယ်လုပ်နေတာကို ကိုယ့်အလုပ်လို့ ထင်ကြမြဲရှိလို့ပဲ။

-အဲဒီလိုလည်း မဟုတ်ဘူးလားဘုရား။

-ကိုယ်က ဝန်ထမ်းဝတ်စုံ ဝတ်ထားပြီး အဲဒီဝန်ထမ်းတွေ ထမ်းရတဲ့တာဝန် မဟုတ်တာထမ်းယင် ဘယ်မှာ ကိုယ့်အလုပ်ဟုတ်ပါ့မလဲ။

-ကိုယ့်ဝန်ကို မထမ်းကြတာကတော့ ဝန်ထမ်းတိုင်းလို ဖြစ်နေတာပဲဘုရား။

-ဒီလိုဆိုယင် ဝိမုတ္တိလို့ခေါ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ် ရရပါလို၏လို့ တောင်းဆိုဆန္ဒတွေ ပြနေကြလို့ အလကားပဲ၊ မရမှာ သေချာတယ်။

-အားလျှော့စရာပါလား ဘုရား။

-အားလျှော့နေဖို့ မဟုတ်ဘူး.

-ဘာလုပ်ရမှာလဲ ဘုရား။

-သူ့အလုပ်ကိုပဲ သူလုပ်အောင် ဖြစ်တဲ့နည်းနဲ့ အကြပ်ကိုင်ရမှာပဲ

-သူ့အလုပ်သူလုပ်ယင် ဝိမုတ္တိလို့ ခေါ်ရတဲ့ လွတ်လပ်လမ်းပေါ် ရောက်မှာလားဘုရား။

-အသေအချာပဲ။

-သူ့အလုပ်သူလုပ်ဘို့ကလည်း သူ့ဟာသူတော့လုပ်မှာ မဟုတ်ဘူးလား ဘုရား။

-မလွတ်မလပ် နေကြသူတွေက လုပ်ယူရမှာပဲ။

-မလွတ်မလပ် နေကြရသူတွေဆီ ဒီလိုလုပ်ချင်စိတ်ပေါက်အောင် လွတ်လပ်တဲ့လူကို ပြပေးပါဦး ဘုရား။

-ဟုတ်လား။

-လွတ်လပ်တဲ့လူဆိုတာ အရိယာဆိုတာရဲ့ ဒုတိယအခေါ်အဝေါ်နာမယ်ပဲ။

အခန်း(၂)
လွတ်လပ်တယ်ဆိုတာ ဘာလဲ

အခန်း(၂)
လွတ်လပ်တယ်ဆိုတာ ဘာလဲ

၅။ လူပန်းတိုင်

-လွတ်လပ်တဲ့လူဆိုတာ နိဗ္ဗာန်မဂ်ဖိုလ် ပေါက်ရောက်နေတဲ့ လူလားဘုရား။

-နိဗ္ဗာန်မဂ်ဖိုလ်ပေါက်ရောက်နေတဲ့လူကို အရိယာလို့ ခေါ်တာ ဆိုတော့ ဒီအရိယာဟာ လွတ်လပ်တဲ့လူပဲပေါ့။

-နိဗ္ဗာန်မဂ်ဖိုလ်ရောက်တာကို လွတ်လပ်တယ်ပြောတာလား ဘုရား။

-နိဗ္ဗာန်မဂ်ဖိုလ်ကို ပါဠိလို ဝိမုတ္တိလို့ခေါ်တယ်၊ ဗမာလိုပြန်တော့ လွတ်လပ်တယ်လို့ ရတယ်။

-ဝိမုတ္တိက နိဗ္ဗာန်ဆိုတာရဲ့နာမယ်ပဲ မဟုတ်ဘူးလားဘုရား။

-ဟုတ်တာပေါ့၊ မဂ်ဖိုလ်က နိဗ္ဗာန်ရောက်ကြောင်းတွေဖြစ်လို့ စကားပြေလည်းဖြစ်အောင် ဥပမာစကားအဖြစ် မဂ်ဖိုလ်တွဲသုံးထား တာပဲ။

-ဝိမုတ္တိကို စိတ်ဝင်စားတာ ဘုရား။

-လွတ်လပ်တာလို့ အဓိပ္ပါယ်ရှိတဲ့ စကားမို့လား။

-ဟုတ်တာပေါ့ဘုရား။

-စိတ်ဝင်စားတယ်လို့တောင် ပြောဖို့မကောင်းဘူး။

-ဘယ်လိုပြောဖို့ ကောင်းလို့လဲဘုရား။

-စိတ်အဝင်စားဆုံးလို့ ပြောဖို့ကောင်းလို့ပဲ။

-တခြားစိတ်ဝင်စားစရာတွေထက် စိတ်ဝင်စားဖို့ကောင်းလို့ လားဘုရား။

-ဒါပေါ့။

-ဟုတ်ပါ့မလားဘုရား။

-တခြား စိတ်ဝင်စားစရာတွေ အများကြီးရှိတာ သိပါတယ်၊ အဲဒီ စိတ်ဝင်စားရတာတွေရဲ့ ရည်ရွယ်ချက်ဟာ လွတ်လပ်မလားလို့ပဲ။

-လွတ်လပ်ဖို့မဆိုက်တဲ့ စိတ်ဝင်စားစရာ မရှိဘူးလားဘုရား။

-ရှိတယ်ထင်ယင် ပြကြည့်ပေါ့။

-မကောင်းမှုလုပ်တာတွေဟာ လွတ်လပ်ဖို့ဖြစ်စေပါ့မလား ဘုရား။

-ဖြစ်စေတာ မဖြစ်စေတာ နောက်ထားပဲ၊ မကောင်းမှုလုပ်တာ ဟာ သူ့လွတ်လပ်မှုချဲ့ထွင်တဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်တာပဲ။

-သူများကို သက်သက်ကူညီတယ်၊ ဘာရည်ရွယ်ချက်မှ မရှိဘူး ဆိုတာကကော ဘုရား။

-အဲဒါလည်း သေသေချာချာကြည့်ပါ။

-ဘယ်လိုလဲ ဘုရား။

-ဘာရည်ရွယ်ချက်မှ မရှိဘူးဆိုတာ ပြန်ပေးဖို့ ကျေးဇူးတင်ဖို့ လူမြင်ကောင်းဖို့ ဒီလိုမရည်ရွယ်ဘူးလောက်ပြောတာပဲ။ သူကောင်း ချင်လို့ကောင်းယင် လွတ်လပ်ဖို့ပါပဲ။

-ဥစ္စာ၊အာဏာ၊ပညာ၊ဂုဏ်ရည်တွေရအောင် လုပ်တာ လွတ် လပ်ဖို့လား ဘုရား။

-ဟုတ်တာပေါ့။

-ဒါတွေရှိမှ ကိုယ်လုပ်ချင်တာ လုပ်လို့ရနိုင်လို့လား ဘုရား။

-အမှန်ပဲ။

-ဒီလိုဆိုတော့ တလောကလုံးရဲ့ တူညီတဲ့ရည်ရွယ်ချက်ဟာ လွတ်လပ်ဖို့ချည်းပေါ့ ဘုရား။

-အဲဒါ လူတိုင်းရဲ့ပန်းတိုင်ပဲ။

-လွတ်လပ်ချင်တဲ့ လူတိုင်းက သူများမလွတ်လပ်အောင် လုပ်နေ ကြတာလား ဘုရား ။

-ဟုတ်တယ်။

-နားမလည်စရာပဲ ဘုရား။

-အဲဒီလိုမဟုတ်ပါဘူး။

-ဘယ်လိုနားလည်ရမလဲ ဘုရား။

-လူတွေဟာ လွတ်လပ်မှုကို မသိကြဘူး။

-ဟုတ်တာပေါ့ ဘုရား။

-ဒါပေမယ့် လွတ်လပ်မှုကို လိုချင်ကြတယ်။

-ဟုတ်ရမှာပေါ့ဘုရား။

-ဒီတော့ ကိုယ်လွတ်လပ်မယ်ထင်ရာ ကိုယ်သွားတာတွေ လုပ် ကြမယ် မဟုတ်လား၊ ကြံ့လုံးတွေနဲ့ပေါ့။

-ဟုတ်ပါတယ် ဘုရား။

-တယောက်တလမ်းတွေဖြစ်ပြီး တယောက်နဲ့တယောက် တစုနဲ့ တစု နင်းကြချေကြ တိုက်မိကြပြီး မလွတ်လပ်အောင် လုပ်တာတွေ ဖြစ်တာပဲ။

-လွတ်လပ်တာက ဖြစ်ချင်ရုံနဲ့မပြီးဘဲ၊ လွတ်လပ်တာကို အသေ အချာသိမှ လွတ်လပ်လို့ရမှာပေါ့ ဘုရား။

-အဲဒါ အမှန်ပဲ။

-လွတ်လပ်တာကို အမှန်သိဖို့မေးမြန်းခွင့်ပြုပါဘုရား။

-မေးရမှာပေါ့။

-လွတ်လပ်တာကို လူတွေ ရခွင့်ရှိရဲ့လားဘုရား။

-ရှိတယ်။

-လူတွေ လွတ်လပ်နေကြသလား ဘုရား။

-မလွတ်လပ်ဘူး။

-လွတ်လပ်နိုင်ခွင့်ရှိလျက်နဲ့ ဘယ့်ကြောင့် မလွတ်လပ်ကြတာလဲ ဘုရား။

-လွတ်လပ်တာကို လူတွေမသိကြလို့ဘဲ။

-လွတ်လပ်တာကို ကိုယ့်ဟာကိုယ် ရှာဖွေလို့သိမလားဘုရား။

-မသိဘူးပဲ ပြောရမယ်။

-ဘာဖြစ်လို့လဲ ဘုရား။

-နက်နဲလို့ပေါ့။

-ဘယ်လို နက်နဲတာလဲဘုရား။

-မြင်တတ်တဲ့အသိ(ဉီးနှောက်) လူတွေဆီမှာ မရှိသေးတော့ မြင်ဖို့မဖြစ်နိုင်လို့ဘဲ။

၆။ လွတ်လပ်မှုကို ဗုဒ္ဓဘုရားက စတွေ့ခဲ့တာ

-လွတ်လပ်မှုကို လူတွေသိအောင် ဘယ်လိုလုပ်ရမလဲဘုရား။

-မြင်တတ်တဲ့အသိ(ဉီးနှောက်)ရှိတဲ့သူဆီက ပြောဆိုရေးသားချက်ကို နာကြားဖတ်မှတ်ခြင်းဖြင့် မြင်စရာလွတ်လပ်မှုပုံစံကို မြင်အောင်လုပ်ပြီး အဲဒါနဲ့တော်အောင် လုပ်ဆောင်ရမှာပဲ။

-မြင်တတ်တဲ့အသိ(ဉီးနှောက်)ရှိသူက ဘယ်သူလဲဘုရား။

-ဗုဒ္ဓဘုရားနဲ့ ဗုဒ္ဓဘုရားဆီက မြင်တတ်တဲ့အသိရပြီး သူတွေပေါ့။

-ဗုဒ္ဓဘုရားကတော့ ဒီမြင်တတ်တဲ့အသိ(ဉီးနှောက်)ကို ဘယ်ကရတာလဲ ဘုရား။

-မြင်တတ်တဲ့အသိ(ဉီးနှောက်)ကို ဗုဒ္ဓဘုရားက ကိုယ်တိုင်တည်ဆောက်ခဲ့တာပဲ။

-ဒီမြင်တတ်သိတတ်မှု(ဉီးနှောက်)ကို ဗုဒ္ဓဘုရားက ဘယ်လိုတည်ဆောက်ခဲ့တာလဲဘုရား။

-လူပေါ်မှာတက်ပြီး ဖြစ်ပွားနေတဲ့စက်တခုကို တွေးရာက စခဲ့တယ် ပြောရမယ်။

-ဒီစက်က လူတိုင်းမှာရှိနေတာလား ဘုရား။

-ဟုတ်တယ်။

-ဒီလိုဖြစ်လျှက်နဲ့ ဗုဒ္ဓဘုရားကျမှ ဒီစက်ကို တွေ့ရသလား ဘုရား။

-ဒီလို မေးချင်စရာပဲ။

-အဲဒါ ဘယ်လိုဖြေမှာလဲ ဘုရား။

-ဒီစက်ကိုသိလို့ အစွန်းလမ်းတွေမကပ်မှ ပေါက်တဲ့ အလယ်အလတ်လမ်း လျှောက်မိဖို့လိုတယ်။

-အဲဒီလမ်း လူတိုင်းမလျှောက်နိုင်ဘူးလားဘုရား။

-တွေ့ယင် လျှောက်နိုင်ပေမယ့် အဲဒီအလယ်လမ်းကို မတွေ့ကြဘူးပဲ။

-ဗုဒ္ဓဘုရားကျမှ ဘယ်ကြောင့် တွေ့ရတာလဲဘုရား။

-အစွန်းလမ်းတွေက ခွာခဲ့လို့ပဲ။

-လူတိုင်းမခွာနိုင်ဘူးလား ဘုရား ။

-ခွာနိုင်ပေမယ့် ခွာရကောင်းမှန်းမသိကြဘူးပဲ။

-ဘယ်ကြောင့် မသိကြရတာလဲ ဘုရား။

-ဒုတိယအစွန်းလမ်း လျှောက်သူတိုင်းကို အဲဒီလမ်းက လျှောက်သူပျောက်အောင် ဖျောက်ဖျက်မျိုဝါးတာ ခံရလို့ပဲ။

-ဗုဒ္ဓဘုရား အဲဒီလမ်းလျှောက်စဉ်က အဲဒီလိုမခံရလို့လားဘုရား။

-ခံရပြီပေါ့။

-ဘယ်ကြောင့် ဖျောက်ဖျက်အသွားမခံရတာလဲ ဘုရား။

-ဖျောက်ဖျက်ခံရဖို့ နောက်ဆုံးနားက ထွက်သက်ဝင်သက်လောက်မှာမှ သူ့ရပ်တည်ချက်ကဆွဲထုတ်တာ ခံရလို့ မပျောက်ပျက်တာပဲ။

-သူ့ရပ်တည်ချက်ဆိုတာက ဘာလဲဘုရား။

-အဓိဋ္ဌာန်ပေါ့။

-ဘာတွေတုန်းဘုရား။

-ဗုဒ္ဓေါ ဗောဓေယျံ တိဏ္ဏောတာရေယျံ မုတ္တောမောစေယျံတို့ပဲ။

-အဓိပ္ပါယ်လည်း လုပ်ပါဦးဘုရား။

-ငါသိတာ လူတွေသိစေရမယ်။ ငါကျင့်တာနဲ့ ငါလွတ်လပ်တာမျိုး လူတွေကျင့်နိုင်၊ လွတ်လပ်နိုင်စေရမယ်လို့ပဲ ။

-သူ့ရပ်တည်ချက်က သူ့ကို ဘယ်လိုကယ်တာလဲဘုရား။

-သူ့ဖြစ်ရပ်ဟာ သူရည်မှန်းရပ်တည်တာကို ဖြည့်မပေးနိုင်တာပဲ သိတော့ သူ့ဖြစ်ရပ်ကိုဖြစ်စေတဲ့ လုပ်ရပ်ကို ကျော်ခိုင်းနိုင်တာပေါ့။

-သူ လွတ်မြောက်သလိုဖြစ်ပေမယ့် သူများကို မလွတ်မြောက်စေနိုင်လို့လားဘုရား။

-လူတွေ လျှောက်လှမ်းလို့ မတော်တာဖြစ်လို့ပဲ။

-ဒါက ဒီလောက်လေးနက်မလား ဘုရား။

-လေးနက်တာပေါ့။

-ဘာကြောင့် ဒီလောက်လေးနက်ရတာလဲ ဘုရား။

-သူတရားရှာလာတာဟာ သူ့အတွက်ထက် အိုနာသေနေတဲ့ လောကကိုမြင်ပြီး ဒါတွေကိုကုစားပေးဖို့ ဖြစ်လို့ပဲ။

-အစွန်းလမ်းမှာ နစ်မြုပ်ကြလို့ အလယ်လမ်းပေါ် မလျှောက်နိုင်ဖြစ်ပြီး လူပေါ်ကစက်ကို မမြင်ကြတာပေါ့ဘုရား။

-ဟုတ်တယ်။

-စက်မမြင်တာနဲ့ လူတွေမလွတ်လပ်ကြတာလား ဘုရား။

-ဒါပေါ့။

-စက်မမြင်တာနဲ့ လွတ်လပ်မှုမဖြစ်တာက ဘယ်လိုဆိုင်လို့လဲ ဘုရား။

-စက်ဖြစ်နေတာက မလွတ်လပ်တာဆိုတော့ လွတ်လပ်မှုနဲ့ စက်နဲ့ သိပ်ဆိုင်တာပေါ့။

-စက်က ဘယ်လိုမလွတ်လပ်တာလဲ ဘုရား။

-စက်က ရောဂါလိုပဲ။

-ဘယ်လိုလဲ ဘုရား။

-ရောဂါခံရယင် လူဟာ မလွတ်လပ်သလို စက်မိခံရင်လည်း လူမလွတ်လပ်တော့တာပဲ။

-စက်မိခံရတဲ့လူက ဘယ်လိုမလွတ်လပ်တာလဲ ဘုရား။

-စက်မိခံရတဲ့လူက လူစိတ်အပျောက်ခံရတာပဲ။

-စက်မိခံရယင် မေ့သွားလို့လားဘုရား။

-မမေ့ပါဘူး။

-လူစိတ်ပျောက်တာဟာ မေ့တာမဟုတ်ဘူးလား ဘုရား

-လူစိတ်ပျောက်တာတိုင်း မေ့တာမဟုတ်ဘူး။

-ဘယ်လိုလဲဘုရား

-ဘီလူးစိတ်၊သရဲစိတ်၊နတ်စိတ်၊ဗြဟ္မာစိတ် ပေါက်နေပြီဆိုယင် လူစိတ်ရှိသေးလို့လား။

-ဘီလူးစီးနေယင်၊သရဲပူးနေယင်၊နတ်ဝင်နေယင်တော့ လူစိတ် မဟုတ်ဘူးပေါ့ ဘုရား။

-လူစိတ်မရှိတော့တဲ့လူကို လူလို့ အသိအမှတ်ပြုတာ ခံရသေးတော့ရဲ့လား ။

-လူစိတ်မရှိချိန်မှာတော့ လူလို့ အသိအမှတ်မပြုကြတော့ဘူးပေါ့ ဘုရား။

-လူဖြစ်လျှက် လူလို့ အသိအမှတ်မခံရတာ လွတ်လပ်တယ် မလွတ်လပ်ဘူး ဘယ်လိုပြောမလဲ။

-မလွတ်လပ်တာကိုပဲ ပြောရမှာပါဘုရား။

-စက်မိခံရတာနဲ့ ရောဂါခံရတာက မလွတ်လပ်တာချင်းတူပုံ သဘောပေါက်ပြီလား။

-မလွတ်လပ်တာချင်းတူပေမယ့် စက်မိခံရတာက ရောဂါခံရတာထက် ဆိုးတာပါလား ဘုရား။

-ဘယ်လိုကြောင့်လဲ။

-ရောဂါခံရသူက ရောဂါခံရတာကို သိတာပဲ၊ စက်မိခံရသူက စက်မိခံရမှန်းတောင် မသိတာဘဲ ဘုရား။

-ဟုတ်တယ်။

-ဒါကြောင့် ရောဂါရလို့ မလွတ်လပ်တာက လွတ်လပ်ဖို့ မခဲယဉ်းပေမယ့် စက်မိခံရလို့ မလွတ်လပ်တာက မလွတ်လပ်မှန်းမသိတဲ့အတွက် လွတ်လပ်ဘို့ မလွယ်အောင်ပဲပေါ့ဘုရား။

-အမှန်ပဲ။

၇။ မလွတ်လပ်မှုရဲ့ဆိုးကျိုးတွေ

-စက်မိခံရလို့ မလွတ်လပ်တာတော့ သိရပြီပေါ့ဘုရား။

-ဘာသိချင်သေးလို့လဲ။

-မလွတ်လပ်လို့ ဘယ်လိုဆိုးကျိုးတွေ ဖြစ်သလဲ သိပါရစေ ဘုရား။

-မလွတ်လပ်တာရဲ့ဆိုးကျိုးကို စကားတလုံးထဲနဲ့ပြောယင် အမှန်ကို မမြင်မတွေးနိုင်တာလို့ ပြောရမယ်။

-ဘယ်အမှန်မှ မမြင်မတွေးနိုင်တာလား ဘုရား။

-ဘယ်ဟုတ်ပါ့မလဲ။

-မလွတ်လပ်တာရဲ့ ဆိုးကျိုးဖြစ်တဲ့ မမြင်မတွေးနိုင်တဲ့အမှန်က ဘယ်လိုအမှန်လဲ ဘုရား။

-လူ(တဦးနဲ့တဦး)ရဲ့ တုံ့ပြန်ရမှာတွေဆိုင်ရာ ပြောဆိုပြုမှု နေထိုင်မှုအမှန်ဟာ ဘာလဲလို့ မမြင်မတွေးနိုင်တာပဲ။

-နောက် ဆိုးကျိုးတွေ ရှိသေးသလားဘုရား။

-ရှိတာပေါ့။

-အမိန့်ရှိပါဦး ဘုရား။

-အမှန်မဟုတ်တဲ့ ပြောဆိုပြုမှု နေထိုင်မှုတွေ လုပ်တာပဲ။

-ဒီထက် ရှိသေးသလားဘုရား။

-ရှိတယ်။

-မိန့်ပါဦးဘုရား။

-အမှန်နဲ့လွဲတဲ့ ကြိုးစားမှုတွေ သတိထားမှုတွေ သမာဓိပွားမှုတွေ လုပ်တာပေါ့။

-ကြိုးစားတာပဲ လွဲတယ်ရှိသေးသလား ဘုရား။

-တောင်ဘက်ကြိုးစားသွားမှ ရောက်မယ့်ဟာ မြောက်ဘက် ကြိုးစားသွားနေယင် အဲဒီကြိုးစားတာဟာ ကြိုးစားတာတော့ဖြစ်တယ် မဟုတ်လား။

-ဟုတ်ပါတယ် ဘုရား။

-အဲဒီ ကြိုးစားတာဟာ လိုရာရောက်ဖို့အတွက် မှန်မလား၊ လွဲမလား။

-ထင်ရှားလှပါတယ် ဘုရား။

-သတိဟာ လွန်တယ်လို့ မရှိကြောင်း ကြားဘူးပါတယ် ဘုရား။

-မှန်တာဖြစ်ယင်တော့ သတိဟာ လွန်မှာမဟုတ်တာပဲ။

-သတိထားတာမှာ အမှားအမှန်လို့ ရှိနိုင်သေးလို့လား ဘုရား။

-ဖြစ်ပျက်နဲ့ ဖြစ်ပျက်ငြိမ်းရာတွေဖြစ်တဲ့ ရူပနဲ့အရူပတွေမှာ သတိထားနေယင် သတ္တဝါပညတ်တွေ အာရုံပြုနိုင်ပါဦးမလား။

-သတ္တဝါတော့ မရတော့ဘူးပေါ့ ဘုရား၊ ငါမရှိ၊သူမရှိ ယောကျ်ား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါမရှိ ဖြစ်ပြီပဲ ဘုရား။

-အဲဒါတွေမရှိယင် ပြောစရာ လုပ်စရာ မျက်နှာထားစရာတွေ လည်း မရှိ ဖြစ်မှာပဲ၊ ဒီတော့ ဘယ်လိုပြောပြုနေတွေက မှန်တယ် မှားတယ်ဆိုတာ မရှိဖြစ်ပြီး ပြောပြုနေတွေက မရှိတာပဲ မှန်တယ် ဖြစ်မှာပေါ့။

-ဟုတ်ပါတယ်ဘုရား။

-ပြောပြုနေက မရှိလို့ဖြစ်ပါ့မလား။

-လူပဲ ရှိရမှာပေါ့ဘုရား။

-ဒီတော့ ရူပါရူပသတိဟာ မှန်တဲ့သတိ ဘယ်လိုဖြစ်မှာလဲ။

-အမှန်နဲ့လွဲတဲ့ သမာဓိပွားမှုဟာ ဘယ်လိုလဲဘုရား။

-ရုပ်ဖြစ်ဖြစ် ရုပ်မဟုတ်တဲ့ နာမ်ကိုဖြစ်ဖြစ် ရှုယင် သူတို့သဘာဝ တွေ မြင်မှာမဟုတ်လား။

-သဘာဝက ဘာတွေလဲဘုရား။

-အဖြစ်အပျက်တွေပေါ့။

-အဲဒါတွေကို ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာတွေနဲ့ ဖြစ်ဖြစ် ဥပေက္ခာ၊ဧကဂ္ဂတာနဲ့ဖြစ်ဖြစ် ရှုတာ သမာဓိမဟုတ်ဘူးလားဘုရား။

-ဟုတ်တာပေါ့။

-အဲဒါတွေပွားတာ အမှန်နဲ့ ဘယ်လိုလွဲလို့လဲဘုရား။

-အပွားခံရတဲ့ ရုပ်တွေနာမ်တွေဟာ ငါ၊ငါ့ဟာနဲ့ ငါ့ကိုယ်ထည် အတ္တမဟုတ်ဘူး ဖြစ်မယ် မဟုတ်လား။

-ဖြစ်မှာပေါ့ဘုရား။

-အဲဒါတွေက အဲဒီလိုမဟုတ်တာ ဟုတ်လို့လား။

-မဟုတ်လို့ပေါ့ ဘုရား။

-မဟုတ်ယင် ဘာအတွက် ဒီလိုပွားနေတာလဲ။

-ဟုတ်တယ်ထင်မှာစိုးလို့ပေါ့ ဘုရား။

-ဟုတ်တယ်ထင်တော့ ဟုတ်သွားမှာလား။

-ဘယ်ဟုတ်ပါ့မလဲပေါ့ ဘုရား။

-ဟုတ်သွားမှာမဟုတ်ဘဲ ဘယ်ကြောင့် ဟုတ်တယ်ထင်မှာစိုးတာလဲ။

-ဟုတ်တယ်ထင်ယင် အမြင်လွဲပြီး အပြောအပြုအနေတွေပါ လွဲပြီး ဆင်းရဲတာတွေဖြစ်မှာပေါ့ ဘုရား။

-အဲဒါတွေက ဘယ်သူ့မှာ ဖြစ်မှာလဲ။

-ဟုတ်တယ်ထင်သူ့မှာ ဖြစ်မှာပေါ့ဘုရား။

-ဟုတ်တယ်ထင်သူကို ငါ၊ငါ့ဟာ၊ငါ့ကိုယ် မရှိဘူး ပြောထားတယ် မဟုတ်လား။

-ပြောတော့ ပြောတာပဲဘုရား။

-မရှိတဲ့သူ အမြင်လွဲမှာ၊ အပြောအပြုအနေတွေ လွဲမှာနဲ့ ဆင်းရဲမှာတွေ မဖြစ်စေချင်နေတယ်ဆိုတာ အဓိပ္ပါယ်ရှိရဲ့လား။

-ဗုဒ္ဓဘုရားက ဒီလိုပဲ ညွှန်ပြခဲ့တာမဟုတ်ဘူးလား ဘုရား။

-ဗုဒ္ဓဘုရားကယ်တော်မူပါ မခေါ်ပါနဲ့။

-ဗုဒ္ဓဘုရားကို ဘာဖြစ်လို့ မခေါ်စေချင်တာလဲဘုရား။

-အခုပြောနေတာက မလွတ်လပ်တာရဲ့ ဆိုးကျိုးဖြစ်တဲ့ အမှန်မမြင်မှု အစရှိတာတွေ ပြောနေတာမှာ ကိုယ်တိုင်အမှန်မမြင်တာ ပေါ်ဖို့ ဖြစ်လို့ပဲ။

-စကားက စကားလိုထွက်လို့မရအောင် ကြပ်သွားလို့ ဘုရားကယ်ပါ ခေါ်မိတာပါဘုရား။

-ဒါက ဘုရားကယ်လို့လည်း မရဘူး

-ဘာဖြစ်လို့လဲ ဘုရား။

-မလွတ်လပ်သူက ကယ်မယ့်ဘုရား မသိလို့ဘဲ ။

-ဘုရားမသိဘူး ဆိုလိုတာလား ဘုရား။

-သိမှာပါပဲ။

-ကယ်မယ့်ဘုရားမသိလို့လို့ ဆိုတယ် မဟုတ်လားဘုရား။

-ဟုတ်ပါတယ်။

-ကယ်နိုင်မယ့်ဘုရားက ဘယ်လိုမို့လဲ ဘုရား။

-ဥပါဒါနက္ခန္ဓာမဟုတ်တဲ့ ရုပ်နာမ်ကို မဟောတဲ့ဘုရားပဲ။

-ဘုရားဟောတဲ့ ဥပါဒါနက္ခန္ဓာ ရုပ်နာမ်က ဘယ်လိုလဲဘုရား။

-အဲဒါက လွတ်လပ်သူမှ သိနိုင်တာပဲ။

-မလွတ်လပ်သူဟာ ဘယ်ကြောင့် အမှန်မသိနိုင်တာလဲဘုရား။

-လူစိတ်ပျောက်နေလို့ပဲ။

-လူပဲ လူစိတ်ပျောက်တယ်ရှိရသေးသလား ဘုရား။

-အရူးဟာလူပဲ၊ ဒါပေမယ့် အဲဒီသူရဲ့စိတ်ကို လူစိတ်လို့ ပြောရ ရဲ့လား။

-သူက မဟုတ်တဲ့စိတ်တွေ ဖြစ်နေမှပဲဘုရား။

-မလွတ်လပ်တဲ့လူလည်း ဘာထူးမှာလဲ။

-အဲဒီသူလည်း အရူးပဲလားဘုရား။

-အရူးလို့ လူတွေက မသတ်မှတ်ကြပါဘူး။

-ဘာဖြစ်လို့လဲ ဘုရား။

-ရူးသူနဲ့မရူးသူကို စံနဲ့သတ်မှတ်ကြရလို့ပဲ။

-ဘယ်လိုစံလဲ ဘုရာ

-အများသူငါနဲ့တူတဲ့ အဖြစ်ဟာ စံပဲ။

-အဲဒီစံနဲ့ လွဲမှ အရူးလို့သတ်မှတ်ကြလို့လား ဘုရား။

-ဟုတ်တယ်။

-အများသူငါတွေကလည်း မလွတ်လပ်သူတွေ ဖြစ်ကြတော့ အဲဒီစံနဲ့ညီနေလို့ အရူးလို့ မသတ်မှတ်ကြတာလား ဘုရား။

-ဒါပေါ့။

-လူတွေ လူအုပ်စုက ခွဲမထွက်ဝံ့ကြတာ ဒါကြောင့်များ လားဘုရား။

-ဘယ်လို လူအုပ်စုကလဲ။

-လူမလေ့ လူထုံးစံ လူအသိအမြင် လူအကျင့်အကြံ အစစ တူတာတွေကပေါ့ ဘုရား။

-ဘယ်လို ခွဲမထွက်ဝန့်တာလဲ။

-လူတွေမလုပ်ဘဲ ကိုယ်မလုပ်ဝံ့တာပေါ့ ဘုရား။

-လုပ်ယင်လည်း လူတွေက ကြည့်နေကြမှာမှ မဟုတ်တာဘဲ။

-ဘာလုပ်ကြမှာလဲ ဘုရား။

-ဝိုင်းပြီး နှိပ်ကွပ်ကြမှာပေါ့။

-ဘာကြောင့် နှိပ်ကွပ်မှာလဲဘုရား။

-ဒီလူ့လုပ်ရပ်ဟာ အများသူငါတွေရဲ့စံနဲ့ လွဲနေပြီး ဒီအဖွဲ့ကြီး အများသူငါတွေဆီ ကူးလာယင် အားလုံး အလွဲတွေဖြစ်ကြလိမ့်မယ်၊ ဒီတော့ ဒီလုပ်ရပ်ကို မကြီးပွားမီက နှိပ်ကွပ်ရမယ် စိတ်ဖြစ်ကြလို့ နှိပ်ကွပ်တာပဲ။

၈။ အမြင်အတွေးခံ အာရုံအမျိုးမျိုး

-မလွတ်လပ်သူဟာ အမှန်ကို မမြင်မတွေးတတ်ဘူးဆိုတော့ မှားမှားယွင်းယွင်းတွေ ဘယ်လို မြင်တွေးလို့လဲဘုရား။

-မှားယွင်းတဲ့ တွေးမြင်သူတွေက အမျိုးမျိုးရှိတာဆိုတော့ အများအပြားပဲ။

-အဲဒီသူတွေက ဘယ်သူတွေလဲဘုရား။

-အနရိယတွေပေါ့။

-အရိယအမြင်အတွေး မဟုတ်လို့ မှားယွင်းတယ် ပြောတာလား ဘုရား။

-ဟုတ်တယ်။

-အရိယအမြင်အတွေးမဟုတ်လည်း သူ့အမြင်အတွေးနဲ့သူ မှန်မှာပဲ မဟုတ်ဘူးလား ဘုရား။

-အဲဒီလိုတော့ ပြောစရာပေါ့။

-မမှန်လို့လား ဘုရား။

-အမှန်ကို ကိုယ်လုပ်ကိုယ်ဟုတ်နဲ့ မမှတ်ရဘူး။

-အရိယကကော ကိုယ်လုပ်ကိုယ်ဟုတ်နဲ့ အမှန်ပြောတာပဲ မဟုတ်ဘူးလား ဘုရား။

-အဲဒီလိုတော့ ထင်စရာပေါ့။

-မဟုတ်လို့လား ဘုရား။

-အရိယာက ပြောပြုနေ တခုခုလုပ်တိုင်း လုပ်ရခြင်းဆိုင်ရာ အမြင်အတွေးတွေရဲ့ အာရုံဟာ သူ့စိတ်ထဲမှာ စွဲထင်နေတဲ့ အာရုံမဟုတ်ဘဲ တကယ်ရှိနေတဲ့အာရုံရဲ့ ပမာဏအမှန် ဖြစ်တယ်။

-အနရိယကကော ဒီလိုပဲမဟုတ်ဘူးလား ဘုရား။

-သူတို့ပြောပြုနေ တခုခုလုပ်တိုင်း လုပ်ရခြင်းဆိုင်ရာ အမြင်အတွေးတွေရဲ့ အာရုံဟာ သူတို့စိတ်ထဲမှာ လွန်ကြူးအောင် လုပ်စဉ်မှာ စွဲထင်နေတဲ့ အာရုံတွေဖြစ်လို့ တကယ်ရှိနေတဲ့အာရုံ မဟုတ်တာတွေ ဖြစ်တယ်။

-အရိယနဲ့ အနရိယတို့ ပြောပြုနေလုပ်ရခြင်း အမြင်အတွေးတွေရဲ့ အာရုံခြားနားမှုဟာ ဒိဋ္ဌမတ္တနဲ့ စိတ္တဇပဲပေါ့ဘုရား။

-ဟုတ်တယ်။

-မမှန်မကန် မြင်ပုံတွေးပုံကလေးလည်း ခပ်ကျဉ်းကျဉ်းဖြစ်ဖြစ် သိပါရစေဘုရား။

-ဒါကလည်း သိချင်စရာပါပဲ။

-နည်းနည်းဖြစ်ဖြစ် မိန့်ပါဦးဘုရား။

-အဲဒီ အမြင်အတွေးတွေရဲ့ အမြင်အတွေးခံ အာရုံတွေကို ဦးအောင် သိရလိမ့်မယ်။

-ဘာတွေလဲ ဘုရား။

-**အလိုလားခံအာရုံ၊ ရွှေ့လျားအာရုံ၊ ငြိမ်သက်အာရုံ**လို့ အမျိုးအစားသုံးပါး ရှိတယ်။

-အလိုလားခံအာရုံဆိုတာ အများသိစကားနဲ့ဆိုတော့ ကာမအာရုံလားဘုရား။

-ဟုတ်တယ်။

-ကျန်တဲ့အာရုံနှစ်မျိုးကျတော့ ဘာလို့ မခန့်မှန်းတတ်အောင်ဘဲ ဘုရား။

-အာရုံတွေရဲ့ အနေအထားကို မြန်မာစကားနဲ့ ပြောလိုက်တာ ဖြစ်လို့ပါ။

-ဘာတွေတုန်း ဘုရား။

-ရွှေ့ရှားအာရုံဆိုတာ ရူပအာရုံရဲ့ မြန်မာအမည်ပါပဲ။

-ရူပအာရုံက ရွှေ့ရှားလို့လား ဘုရား။

-ရူပအာရုံမသိဘဲနဲ့ ရွှေ့ရှားလို့လားလို့ မေးရသလား။

-ဒီရုပ်တွေဟာ ရူပအာရုံတွေ မဟုတ်ဘူးလား ဘုရား။

-အဲဒါက ခွေးအဟောင်ခံရတဲ့ အာရုံတွေပဲ။

-ရုပ်ကို ခွေးမဟောင်နိုင်ဘူးလား ဘုရား။

-ခွေးက ရုပ်ကို သိပါ့မလား။

-သိတယ်ပြောလို့တော့ မကောင်းဘူးပေါ့ ဘုရား။

-သိတယ်မပြောနိုင်ယင် အဟောင်ခံရတာလို့ ရုပ်အာရုံလို့လည်း မပြောမှပေါ့။

-ရုပ်အာရုံဟာ ခွေးမပြောနဲ့ လူတောင်အသိခက်သွားပြီ ဘုရား။

-သိတော့သိပါတယ်။

-ဘယ်လိုသိတာလဲ ဘုရား ။

-မတည်ဖောက်ပြား ရွှေ့လျားပြောင်းလဲနေတဲ့ အဖြစ်တွေ သိတာပဲ။

-မီးအလျှံသိတာမျိုး သိတာလားဘုရား။

-မြစ်ရေအလျဉ်တို့ မီးလျှံတို့ဟာ ဒြပ်လို့ထင်ရတဲ့ အထဲက ရွှေ့လျားပြောင်းလဲမှု မြင်လို့ အခွင့်သာတဲ့အာရုံတွေပဲ။

-တခြားဒြပ်အာရုံတွေလည်း ဒီလိုပဲလားဘုရား။

-မြင်ဖို့ အခွင့်မသာလို့သာပဲ အတူပေါ့။

-ဒြပ်အာရုံက ကာမအာရုံမဟုတ်ဘူးလား ဘုရား။

-ဒြပ်အာရုံဟာ လိုလားမလိုလား အဖြစ်ခံအာရုံတွေပဲ၊ ကာမ အာရုံပေါ့။

-ကာမအာရုံနဲ့ ရူပအာရုံက ရောနေတာလားဘုရား။

-ကာမရူပအာရုံပဲ ရောတာမဟုတ်ဘူး၊ အရူပအာရုံနဲ့လည်း ကာမ၊ရူပအာရုံတွေက ရောလျှက်တွေပဲ။

-အဲဒါတွေက တကယ်ရှိတာတွေလား ဘုရား။

-ရှိတာပေါ့။

-ကာမအာရုံတွေကလည်း တကယ့်အရှိပဲလား ဘုရား။

-မရှိတဲ့အာရုံ လုပ်ချင်လို့လား။

-အဲဒါတွေက အဟုတ်မဟုတ်တဲ့အာရုံတွေလို့ ပြောကြသံတွေ လည်း ကြားဖူးလို့ပါဘုရား။

-အရှိမဟုတ်ဘဲနဲ့ လူသူအများ ဘယ်လိုလုပ်ပြီး ဆည်းကပ် မွေ့လျော်၊ငြီးငွေ့စက်ဆုပ်တွေ ဖြစ်ပါ့မလဲ။

-အစွဲနဲ့ ပျော်ရင်ြးရမှာပေါ့ ဘုရား။

-အစွဲက ဒီလိုမဟုတ်ဘူး။

-အမိန့်ရှိပါဦး ဘုရား။

-တကယ့် ကာမအာရုံမဟုတ်ဘဲ စွဲသူ့စိတ်ထဲမှာသာရှိတဲ့ ကာမ အာရုံမျိုးနဲ့ပျော်တာကို အစွဲကာမအာရုံနဲ့ပျော်တယ် ပြောရတာပဲ။

-ကာမအာရုံက တကယ်ရှိတယ်၊ အစွဲကာမအာရုံကသာ တကယ်ရှိတာမဟုတ်ဘဲ သူ့စိတ်ထဲရှိတယ်ထင်နေတဲ့ ကာမအာရုံပဲ ဖြစ်တာပေါ့ ဘုရား။

-ဟုတ်တယ်။

-ရူပအရူပအာရုံတွေလည်း ဒီလိုပဲလား ဘုရား။

-တကယ်ရှိတဲ့အာရုံတွေပဲ အစွဲနဲ့ဖြစ်တဲ့ ရူပအရူပအာရုံတွေက တော့ သူတို့စိတ္တဇထဲက ရူပအရူပအာရုံ ဖြစ်လို့ အရှိမဟုတ်တာဘဲ။

-ဒီအာရုံသုံးမျိုးက တခုထဲရဲ့ အမည်သုံးခုလား ဘုရား။

-အဲဒီလိုလည်း ပြောလို့မဖြစ်ဘူး။

-တခုစီရဲ့အမည်လား ဘုရား။

-အဲဒီလိုပြောလို့လည်း ရမှာမဟုတ်ဘူး။

-ဘယ်လိုနားလည်ရမလဲ ဘုရား။

-ဒြပ်ဝတ္ထုတခုတိုင်းမှာ အဖြစ်အပျက်ရှိမှာပဲ မဟုတ်လား။

-ရှိရမှာပဲပေါ့ ဘုရား။

-အဖြစ်အပျက် တခုတိုင်းကလည်း အဖြစ်အပျက်ငြိမ်းတယ် ဆိုတာ ရှိရမှာပဲ မဟုတ်လား။

-ရှိမှာပဲ ဘုရား။

-အဖြစ်အပျက်ငြိမ်းတာတိုင်းမှာ အဖြစ်အပျက်ရှိခဲ့တယ် ပြောရမယ် မဟုတ်လား။

-ဖြစ်ပျက်ငြိမ်းတာမှာ ဖြစ်ပျက်ရှိခဲ့တယ်လား ဘုရား။

-ဟုတ်တယ်။

-ဘယ်လိုရှိခဲ့တာလဲ ဘုရား။

-မျက်စိမှောက်မသွားပါနဲ့။

-လင်းအောင်လုပ်ပါဦး ဘုရား။

-ငြိမ်းတာဟာ ငြိမ်းစရာမရှိခဲ့ဘဲ ငြိမ်းလို့ရပါ့မလား။

-ငြိမ်းစရာမရှိယင်တော့ ငြိမ်းလို့မရစရာဘဲ ဘုရား။

-ငြိမ်းစရာက ဘာလဲ။

-မိန့်ပါဦးဘုရား။

-ဖြစ်ပျက်ပဲပေါ့။

-ငြိမ်းစရာရှိလို့ ငြိမ်းတာရှိတာလား ဘုရား။

-ဒါပေါ့။

-ဒီသုံးခုဟာ တခုဖြစ်ဖို့ အခြင်းအရာတွေလား ဘုရား။

-ဟုတ်တယ်။

-အခုအမိန့်ရှိခဲ့တာ ကာမ၊ရူပ၊အရူပအာရုံတွေ တကယ်ရှိကြောင်း မိန့်ကြားချက်ပေါ့ ဘုရား။

-ဟုတ်ပါတယ်။

-ကာမအာရုံကို ဘယ်လိုဖြစ်တာလဲ မိန့်ပါဦးဘုရား။

-ရွှေလျားတဲ့ သဘာဝတွေဟာ ရွှေရှားမှုပေါ်မှာမှီပြီး ပုံသဏ္ဌာန်တွေ ဖြစ်ပေါ်ပါတယ်။

-အဲဒါ နားလည်အောင်မိန့်ပါဦး ဘုရား။

-ဥပမာဆိုယင် အခုစာလုံးကလေးတွေဟာ ဟိုတလုံးဒီတလုံး ရွှေ့လျားနေတာတွေပဲ။

-ဟုတ်ပါတယ် ဘုရား။

-အဲဒီ ရွှေ့လျားမှုကို အဓိပ္ပါယ်မဖော်တတ် မဖတ်တတ်ယင်ပေါ့ ဘာမှ ပုံသဏ္ဌာန်ပေါ်မှာ မဟုတ်ပေမယ့် ဖတ်တတ်သူအတွက် ဘာကို ဆိုတယ် အဓိပ္ပါယ်ပုံသဏ္ဌာန် ပေါ်တယ် မဟုတ်လား။

-ပေါ်ပါတယ် ဘုရား။

-အဲဒါမရှိဘဲ သူပေါ်ချင်သလိုပေါ်တာလား၊ ရှိတာပေါ်တာလား။

-ရှိတာ ပေါ်တာပါဘုရား။

-ရွှေ့လျားနေတာတွေရဲ့ အဖြစ်အပျက်တွေဟာ ဆက်ဆက်စပ်စပ်မလုပ်ယင် ဘာမှ အဓိပ္ပါယ်မရှိပေမယ့် ဆက်ကြည့်ယင် အဓိပ္ပါယ်ရှိတာ တွေ့ရမယ်။

-ကြည့်မှ အဓိပ္ပါယ်က ရှိလာတာလား မကြည့်ဘဲလည်း သူ့ဟာသူ အဓိပ္ပါယ်ရှိနေတာလား ဘုရား။

-စာတအုပ် ဥပမာပြောကြပါစို့၊ ဖတ်တတ်မှ ဒီစာအုပ်ထဲက ဆိုလိုချက်တွေက ဖြစ်တာလား၊ မဖတ်တတ်လည်း မဖတ်တတ်လို့ မသိတာဘဲဖြစ်မယ်၊ ဆိုလိုချက်တွေကတော့ ဖြစ်နေမှာပဲမဟုတ်လား။

-ဖြစ်ပျက်ရွှေ့လျားနေတာတွေတိုင်း အဓိပ္ပါယ်တွေတော့ ဖြစ်နေပြီး အသိခံရတာနဲ့ မခံရတာပဲခြားတာပေါ့ ဘုရား။

-ဟုတ်တယ် ။

-အဲဒီအဓိပ္ပါယ်တွေဟာ **လိုလားစရာ မလိုလားစရာ** တခုခုတွေ ဆိုတော့ အဲဒါတွေဟာ **ကာမအာရုံ**တွေပေါ့ ဘုရား။

-ဟုတ်ပြီ။

-ရူပအာရုံ မိန့်ပါဦးဘုရား။

-စာတအုပ် ဥပမာပြောတာမှာ စာလုံးကလေးတွေနဲ့တူတဲ့ ခန္ဓာတွေဟာ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် ကျရောက်ရာ ထမ်းနေရလိမ့်မယ်။ အတွင်း၊အပြင်၊အနီး၊အဝေးနဲ့ အယုတ်၊အမြတ်၊အကြမ်း၊အနုတွေလည်း ကျရောက်သလို ထမ်းနေကြရမှာပဲ။

-ဒီလိုဖြစ်တာ **ဖောက်ပြန်ရွှေ့လျား**တာလား ဘုရား။

-ဒါပဲပေါ့။

-ဒီလိုဖြစ်တာထဲမှာ နာမ်တွေလဲပါနေပါလား ဘုရား။

-သူတို့ကပါပေမယ့် ညွှတ်တတ်တာကြောင့် နာမည်သီးခြားရနေလို့ သူတို့ကို ရုပ်လို့မခေါ်တာဘဲ။

-**ဒီလိုအာရုံတွေကို ရူပအာရုံ**ခေါ်တာလား ဘုရား။

-ဟုတ်တယ်။

-အရူပအာရုံ အမိန့်ရှိပါဦး ဘုရား။

-ဖြစ်ပျက်တို့ရဲ့ငြိမ်းရာအာရုံပေါ့။

-အဲဒါက တကယ်ရှိပါ့မလား ဘုရား။

-ဖြစ်ပျက်နေတာတွေက ဘာတွေမို့လဲ။

-အမိန့်ရှိပါဦး ဘုရား။

-မပြည့်စုံသေးတဲ့ အကြောင်းအစိတ်အပိုင်း(ပစ္စယ)ရဲ့ စုဝေးမှု(သမဝါယ)တွေပဲ။

-ဟုတ်ပါတယ် ဘုရား။

-အစိတ်အပိုင်းတိုင်း တခုမဟုတ်ဘူး မဟုတ်လား။

-**တခုအဖြစ်မရှိတဲ့ အဖြစ်ဟာ အရူပအာရုံလား** ဘုရား။

-အဲဒီလိုမျိုးအာရုံကို တခြားနာမယ်နဲ့ ခေါ်ချင်သေးလို့လား။

-မဟုတ်ပါဘူး ဘုရား။

-ဒီနာမယ်အပြင် ခေါ်စရာမရှိယင် ဒါပဲခေါ်ရမှာပေါ့။

-ဒီအာရုံတွေဟာ လူတွေရဲ့ဝန်းကျင်မှာ တကယ်ရှိနေတဲ့ အာရုံတွေပေါ့ ဘုရား။

-ဟုတ်တာပေါ့။

၉။ ကိလေသာဖြစ်စေတာက ဥပါဒါန်အာရုံ၊ ရိုးရိုးအာရုံမဟုတ်

-ဒီအာရုံတွေဟာ လူတွေအတွက် အသုံးကျတာတွေ မဟုတ်ဘူးလား ဘုရား။

-အသုံးကျပါတယ်။

-ဒီအာရုံတွေကို လူတွေကသုံးလို့ ဘာအပြစ်ရှိသလဲဘုရား။

-အပြစ်မရှိပါဘူး။

-ဒီအာရုံတွေက လူတွေကို အပြစ်ဖြစ်အောင် လုပ်တတ်သလားဘုရား။

-ဘာဖြစ်လို့ ဒီလိုမေးတာလဲ။

-ဒီအာရုံတွေက လူတွေကို ကိလေသာတွေ ဖြစ်စေတတ်သလားလို့ပါ ဘုရား။

-မဟုတ်ပါဘူး။

-ကာမအာရုံတွေကလည်း လူတွေကို ကိလေသာမဖြစ်စေဘူးလား ဘုရား။

-ကာမအာရုံတွေက ဘာတွေမို့လဲ။

-အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့နဲ့ အသိတွေပေါ့ ဘုရား။

-ဒါတွေက သူ့ဟာသူနေတာပဲ၊ လူကိုဘယ်လိုလုပ်ပြီး ကိလေသာတွေ ဖြစ်စေမှာလဲ။

-လူမှာ ကိလေသာဖြစ်တယ်ဆိုတာ မရှိဘူးလားဘုရား။

-ရှိပါတယ်။

-အဲဒီ ကိလေသာဟာ အဲဒီအာရုံတွေကို အာရုံပြုပြီးဖြစ်တာ မဟုတ်ဘူးလား ဘုရား။

-မဟုတ်ပါဘူး။

-အဲဒီကိလေသာတွေက ဘယ်ကိုအာရုံပြုပြီး ဖြစ်ကြတာလဲ ဘုရား။

-ဥပါဒါန်အာရုံတွေကို အာရုံပြုပြီးဖြစ်ကြတာတွေပဲ။

-ဥပါဒါန်အာရုံဆိုတာ ဘယ်လိုဟာတွေလဲဘုရား။

-ဥပါဒါန်ကြောင့်ဖြစ်တဲ့ အာရုံတွေပေါ့။

-ဥပါဒါန်ကြောင့်ဖြစ်တဲ့ အာရုံက လူ့ပတ်ဝန်းကျင်မှာရှိတဲ့ အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့တွေပဲ မဟုတ်ဘူးလား ဘုရား။

-လူ့ပတ်ဝန်းကျင်မှာရှိတဲ့ အဲဒီအာရုံတွေက ဥပါဒါန်ကြောင့် ဖြစ်နေကြတာတွေလား။

-ဒီလိုတော့ မဟုတ်ဘူးပေါ့ ဘုရား။

-ဒီလိုမဟုတ်ယင် ဥပါဒါန်အာရုံရဲ့အရကို အဲဒီအာရုံတွေလို့ ယူလို့ရပါ့မလား။

-ဥပါဒါန်ကြောင့်ဖြစ်တဲ့ အာရုံဟာ လူ့ဝန်းကျင်မှာရှိတဲ့ အာရုံနဲ့ သီးခြားအာရုံလား ဘုရား။

-ဒါပဲပေါ့။

-အဲဒီ ဥပါဒါန်အာရုံဟာ လူ့ဝန်းကျင်မှာ တကယ်မရှိဘူးလား ဘုရား။

-အစ္စဥပါဒါန်က ဖြစ်စေတဲ့ အာရုံပဲ၊ ဘယ်မှာ တကယ်ရှိတဲ့ အာရုံ ဖြစ်ပါ့မလဲ။

-နားမလည်စရာဘဲ ဘုရား။

-ပုံပြင်တခု ကြည့်ရအောင်။

-အမိန့်ရှိပါ ဘုရား။

-အရူးတယောက်ဟာ ဘုရားကို ဆဲဆိုရန်လုပ်နေတယ်၊ ဘာကြောင့်ဆဲတာလဲ မေးကြတာကို အရူးက ပြန်ဖြေတယ်၊ ဘုရားက သူ့ကို ပြောင်ပြနေလို့တဲ့....။

-ဆက်မိန့်ပါဦး ဘုရား။

-အရူးကို ပြောင်ပြတဲ့ဘုရားလို့ လူ့ဝန်းကျင်မှာ တကယ်ရှိနိုင်သလား။

-ပြောင်ပြတဲ့ဘုရားလို့ ဘယ်ရှိမှာလဲပေါ့ ဘုရား။

-အရူးမြင်နေတဲ့ဘုရားက သူ့ကိုပြောင်ပြနေတဲ့ ဘုရားပဲ။

-ဟုတ်ပါ့ဘုရား။

-အရူးမြင်နေတဲ့ဘုရားဟာ လူ့ဝန်းကျင်မှာ တကယ်ရှိတဲ့ဘုရားလား၊ အရူးရဲ့ အစွဲမြင်ဘုရားလား ခွဲရမှာပဲ။

-အစွဲအာရုံဟာ တကယ့်အာရုံမဟုတ်တာ ထင်ရှားပါပြီဘုရား။

-ဥပါဒါန်အာရုံဟာ လူ့ဝန်းကျင်မှာ တကယ်မရှိတဲ့အာရုံဘဲ။

-အဲဒီအာရုံဟာ ကိလေသာရဲ့အာရုံလား ဘုရား။

-ဒါပဲ။

-တစ္ဆေသူရဲလိုအာရုံပေါ့ ဘုရား။

-တကယ်မရှိဘဲ အခြောက်ခံရသူမှာသာရှိတဲ့ အာရုံပဲ။

-အဲဒါကို ကိလေသာက ဘယ်လိုအာရုံပြုတာလဲ ဘုရား။

-တကယ်ရှိတဲ့အာရုံကို တကယ်ရှိတဲ့အာရုံအဖြစ် မမြင်ဘဲ ဥပါဒါန်ဖြစ်နေတဲ့အာရုံအဖြစ် မြင်ပြီး တကယ်ရှိတဲ့အာရုံကို သူမြင်တဲ့ အာရုံအဖြစ် အာရုံပြုတာပဲ။

-ကိလေသာဆိုတာ စိတ်ရူးပေါက်တာရဲ့ နာမယ်လား ဘုရား။

-အမှန်ပဲ။

-ကိလေသာရှိသူဟာ အာရုံတွေရဲ့ ပမာဏအမှန်တွေကို အာရုံမပြုနိုင်ဘူးပေါ့ ဘုရား။

-ဟုတ်တယ်။

-အာရုံတွေရဲ့ ပမာဏအမှန်နဲ့လွဲချော်ပြီး သိတာကို အဝိဇ္ဇာလို့ ပြောတာလား ဘုရား။

-လွဲချော်သိတာနဲ့ အဲဒီလိုသိလို့ လိုလားတာ အစစတွေဟာ အဝိဇ္ဇာ၊တဏှာ အစစ်တွေပဲပေါ့။

၁၀။ **ကိလေသာအမျိုးမျိုးတွေ**

-အဲဒီကိလေသာတွေဟာ အမျိုးမျိုးပဲရှိမလား ဘုရား။

-ရှိတယ်။

-အဲဒါ အမိန့်ရှိပါဦး ဘုရား။

-ဥပါဒါန်ကြောင့် ဖြစ်ကြတဲ့ ကာမအာရုံ၊ရူပအာရုံ၊အရူပအာရုံတွေဆိုတာ ရှိကြတာမဟုတ်လား။

-ဟုတ်ပါတယ် ဘုရား။

-အဲဒီအာရုံတွေကြောင့်ဖြစ်ကြတဲ့ ကိလေသာတွေဆိုတော့ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာတွေလို့ ဖြစ်ကြတာပေါ့။

-ကာမကိလေသာဆိုတာ ဥပါဒါန်ဖြစ်တဲ့ ကာမအာရုံတွေကြောင့်ဖြစ်တဲ့ ကိလေသာလား ဘုရား။

-ဟုတ်တယ်။

-ရူပကိလေသာကလည်း ဥပါဒါန်ဖြစ်တဲ့ ရူပအာရုံကြောင့် ဖြစ်တဲ့ ကိလေသာပေါ့ ဘုရား။

-ဟုတ်တယ်။

-အရူပကိလေသာက ဥပါဒါန်ဖြစ်တဲ့ အရူပအာရုံကို အာရုံပြုပြီး ဖြစ်တဲ့ ကိလေသာပြောတာလား ဘုရား။

-ဒါပဲ။

-ကာမကိလေသာ၊ရူပကိလေသာ၊အရူပကိလေသာဆိုပြီး ကွဲနေတာ အာရုံတွေကွဲနေလို့ပဲ ဘုရား။

-ဟုတ်တာပေါ့။

၁၁။ ကိလေသာနှင့် အဖိုအမဆိုင်ရာ

-ကိလေသာရဲ့ အနက်အဓိပ္ပါယ်က ဘယ်လိုလဲဘုရား။

-မြန်မာတွေပြောပြောနေကြတဲ့ စိတ်ညစ်တယ်၊ စိတ်ပေါက်တယ်၊ စိတ်ဆိုးတယ်၊ စိတ်ရှုပ်တယ်၊ ဦးနှောက်ခြောက်တယ်၊ ဦးနှောက်ရှုပ်တယ်၊ နှလုံးနာတယ်၊ ရင်နာတယ် ... အစစ စကားတွေရှိတာပဲ။

-ဟုတ်ပါတယ် ဘုရား။

-ဒါတွေဟာ ကိလေသာရဲ့အနက်တွေပဲ။

-ကိလေသာက သရုပ်နဲ့ဆိုယင် ဘယ်လောက်ရှိမလဲ ဘုရား။

-အမျိုးမျိုးပဲ။

-အမိန့်ရှိပါဦး ဘုရား။

-ဥပါဒါန်အာရုံကို အရှိအာရုံမဟုတ်မှန်း မသိတာလည်း ကိလေသာပဲ၊ ဒါကြောင့် လိုလားတာ ဆန္ဒကျင်တာလည်း ကိလေသာပဲ၊ ကိုယ်လို့ထင်တာ အမှန်လို့မြင်တာ တွေးတာတွေလည်း ကိလေသာတွေပဲ၊ စိတ်လေးတာ တုန်လှုပ်တာ မရှက်မကြောက်တာတွေကိုလည်း ကိလေသာလို့ ညွှန်ပြခံရတာပဲ။

-တကယ့်အရှိအာရုံ မဟုတ်တဲ့ ဥပါဒါန်အာရုံကို အာရုံပြုပြီး ဖြစ်ပွားတဲ့ စိတ်ပုံစံအမျိုးမျိုးတွေဟာ ကိလေသာပါတဲ့ စိတ်တွေပဲပေါ့ ဘုရား။

-ဟုတ်တယ်။

-ကိလေသာဆိုတာ အဖိုအမအပိုင်းဆိုင်ရာလောက်လို့ သိနေမိတာ မပြည့်စုံဘူးပေါ့ ဘုရား။

-အဖိုအမအပိုင်းဆိုင်ရာတိုင်းလည်း ကိလေသာမဟုတ်ဘူး၊ အဖိုအမအပိုင်းဆိုင်ရာလောက်ပဲ ကိလေသာဖြစ်တာ မဟုတ်ဘူး။

-ဘယ်လိုလဲ ဘုရား။

-ဥပါဒါန်အာရုံမဟုတ်တဲ့ အဖိုအမအပိုင်းဆိုင်ရာတွေ ဆိုယင် ကိလေသာ မဟုတ်ဘူးပဲ။

-အဲဒါ နားမလည်ဘူး ဘုရား။

-အဖိုအမတွေဟာ အဖိုအမတွေအဖြစ် လောကမှာ တကယ်တည်ရှိနေတာတွေပဲ။

-ဟုတ်ပါတယ်ဘုရား။

-အဖိုအမတွေဟာ အဖိုအမစိတ်ဝင်နေယင် အချင်းချင်း ချစ်မြတ်

နိုးရပါတယ်။

-ဟုတ်တာပေါ့ ဘုရား။

-ချစ်မြတ်နိုးတော့ တဦးကိုတဦး ကူညီချင်တယ်၊ စောင့်ရှောက်ချင်တယ်၊ ပြုစုချင်တယ်၊ အဲဒီလိုလုပ်ရတာကိုလည်း ဝမ်းသာတယ်၊ ကြည်နူးတယ်။

-အဲဒီလိုပဲ ဖြစ်ကြတာပါပဲ ဘုရား။

-ဒီလို ဝမ်းသာကြည်နူးတဲ့စိတ်အရှိန်ကြောင့် ရုပ်တွေကလည်း လန်းဆန်းတက်ကြွလာကြတယ်။

-ဟုတ်တာပေါ့ ဘုရား။

-ဒီတော့ တဦးကိုတဦးက အခံစားရဆုံး ပျော်မြူး ကြည်နူးသွားအောင် ဆောင်ရွက်ပေးချင်လာကြတယ်။

-ဟုတ်ပါ့ဘုရား။

-အဖိုက အမလိုသမျှ ပေးချင်ပြီး၊ အမကလည်း အဖိုလိုသမျှ ပေးချင်လာကြတော့ စိတ်ချင်းဆုံတဲ့ မေထုန်အဖြစ် ရောက်တာပဲ။

-အဲဒီတော့ ကိလေသာဖြစ်ရောလား ဘုရား။

-ဘယ်ကလာ ကိလေသာဖြစ်ရမလဲ။

-မေထုန်ဖြစ်တာဟာ ကိလေသာမဖြစ်ဘူးလား ဘုရား။

-မေထုန်ဖြစ်လို့ စိတ်ညစ်၊စိတ်ဆွေး၊စိတ်မအေး... အစစတွေ ဖြစ်လို့လား။

-ဒီလိုတော့ ဖြစ်ကောင်းမှ ဖြစ်မှာပေါ့ဘုရား။

-မေထုန်က ကိလေသာသရုပ်တွေထဲက လောဘ၊ဒေါသ၊ မောဟ၊မာန၊ဒိဋ္ဌ...အစစတွေ ဟုတ်လို့လား။

-ဒီလိုလဲ မဟုတ်ဘူးပေါ့ဘုရား။

-မေထုန်ကို ဘယ်ကြောင့် ကိလေသာထင်ချင်ရတာလဲ။

-ဘုန်းကြီးရဟန်းတွေ မေထုန်အရှောင်ခိုင်ထားတာပဲ ဘုရား။

-ဒါက လုပ်ငန်းအရ အရှောင်ခိုင်းတာပဲ။

-ဘာလုပ်ငန်းလဲ ဘုရား။

-ဘုန်းကြီးလုပ်ငန်းပေါ့။

-ဘုန်းကြီးလုပ်ငန်းက ဘာဖြစ်လို့လဲ ဘုရား။

-တရားဖြန့်ဝေမှုပေါ့

-အဲဒီလုပ်ငန်းနဲ့ မေထုန်က ဘယ်လိုဆန့်ကျင်လို့လဲ ဘုရား။

-ဘုရားလက်ထက်က တရားဖြန့်ဝေတဲ့လုပ်ငန်းလုပ်သူဟာ ခြေသလုံး အိမ်တိုင်လုပ်ပြီး တရားလိုလားသူတွေရှိရာ ရှောက်သွားနေရသူပဲ။

-ဟုတ်ပါတယ်ဘုရား။

-ဒီလိုသူဟာ မေထုန်ရှိလို့ ဘယ်ဖြစ်ပါ့မလဲ။

-ဘာဖြစ်လို့လဲ ဘုရား။

-မေထုန်က အချင်းချင်းအပေါ်ထားတဲ့ မေတ္တာရဲ့ပြရုပ်ပဲ။

-မေတ္တာဆိုယင် ဘုန်းကြီးနဲ့ မတော်ဘူးလားဘုရား။

-မတော်ဘူး။

-ဘုန်းကြီးက မေတ္တာမထားရဘူးလားဘုရား။

-ဘုန်းကြီးက ဒီထက်များတဲ့ မေတ္တာထားရမယ့်သူ ဖြစ်လို့ပဲ။

-ဘယ်လိုများတဲ့ မေတ္တာလဲဘုရား။

-လောကအလုံး လွတ်မြောက်ကြတဲ့အထိပေါ့။

-လူတဦးစောင့်ရှောက်တဲ့ လုပ်ငန်းနဲ့ လူခပ်သိမ်းစောင့်ရှောက်တဲ့ လုပ်ငန်း ခြားတာပေါ့ဘုရား။

-ဟုတ်တယ်။

-မေထုန်ဟာ ကိလေသာကို မဖြစ်စေနိုင်ဘူးလား ဘုရား။

-မေထုန်လဲ ဖြစ်ပွားတဲ့အာရုံတခုပဲ၊ အာရုံတွေဟာ ကိလေသာရော မေတ္တာရော အဆိုးအကောင်းအားလုံးကို ဖြစ်စေနိုင်တာပေါ့။

-ကိလေသာ ဖြစ်စေနိုင်လို့ အရှောင်ခိုင်းမလားလို့ပါ ဘုရား။

-အစားတွေ၊အဝတ်တွေလည်း ကိလေသာ ဖြစ်စေနိုင်တာတွေပဲ၊ ဒါတွေတော့ ဘယ့်ကြောင့် အရှောင်မခိုင်းသလဲ ကြည့်ရမှာပေါ့။

-ဒါတွေက မလုပ်မဖြစ်တာတွေမို့များလားပေါ့ ဘုရား။

-ဒီလိုတွေးလို့တော့ ဘယ်ဖြစ်ပါ့မလဲ။

-ဘာဖြစ်လို့လဲ ဘုရား။

-လူ့လောကမှာ မေထုန်ကကော မရှိလို့ဖြစ်လို့လား။

-ကိလေသာအဖြစ်ခံနိုင်သူတွေက လုပ်ကြမှာပေါ့ ဘုရား။

-ဒီလိုဆိုတော့ ကိလေသာငြိမ်းတဲ့စနစ်က တလောကလုံးရဲ့ စနစ်မဖြစ်ဘဲ နေမှာပေါ့။

-အဲဒီလိုပဲ ဖြစ်မှာမဟုတ်ဘူးလား ဘုရား။

-ဒီလိုထင်တာဟာ ဗုဒ္ဓဘုရားကို စော်ကားသလိုဖြစ်သွားပြီ။

-ဘယ်လိုလဲ ဘုရား။

-ဗုဒ္ဓဘုရားဖော်တဲ့ အရိယသစ္စာတရားဟာ လူတချို့အတွက် မဟုတ်ဘူး၊ လူသားအားလုံးအတွက်ပဲ။

-နားမလည်စရာဘဲ ဘုရား။

-ကမ္ဘာမှာ ပိုလီယိုရောဂါပျောက်ဆေးဆိုတာ ရှိတယ်။

-ရှိပါတယ် ဘုရား။

-အဲဒါဖော်ခဲ့သူဟာ လူတချို့အတွက်လား၊ ကမ္ဘာပေါ်က ပိုလီယိုရောဂါခပ်သိမ်း ငြိမ်းသွားဖို့လား။

-အားလုံးငြိမ်းဖို့ဆိုတာ ထင်ရှားပါတယ်ဘုရား။

-ကိလေသာဟာ လူသားကို ဒုက္ခပေးတဲ့ရောဂါ မဟုတ်ဘူးလား။

-အမှန်ပေါ့ဘုရား။

-ဒီဒုက္ခကို တချို့တလေပဲ ငြိမ်းဘို့ ရည်ရွယ်မှာလား၊ လောကထဲက ကိလေသာပျောက်သွားတဲ့အထိ ရည်ရွယ်မှာလား၊ ဒီလိုတွေးကြည့်ရမယ်။

-လေးနက်တဲ့ အတိုင်းအထွာရှိတာ မြင်ရပါပြီဘုရား။

-ဒီလိုဆိုတော့ ကိလေသာမရှိတာနဲ့အတူ မေထုန်ပါ မရှိသွားလို့ ဖြစ်မလား။

-ဒီလိုဖြစ်သွားယင် လူမျိုးပြုတ်လမ်း ဖြစ်မှာပါဘုရား။

-ရဟန်းတွေ မေထုန်ရှောင်ကြရတာ လုပ်ငန်းသဘောအရပဲ ဖြစ်တာ နားလည်ပေးရမယ်။

-ဟုတ်ပါတယ်ဘုရား။

-ဒီလိုပြောလို့ မေထုန်ဟာ ကိလေသာကို မဖြစ်စေနိုင်ဘူးလို့ မှတ်ယူဖို့လည်း မဟုတ်ဘူးနော်။

၁၂။ ကိလေသာ ဘယ်လိုကြောင့်ဖြစ်

-မေထုန်ဟာ ဘယ်လိုဆိုယင် ကိလေသာဖြစ်စေနိုင်တာလဲ သိဖို့လိုမှာပါ ဘုရား။

-ဟုတ်တာပေါ့။

-အဲဒါလည်း မိန့်ပါဦးဘုရား။

-လူက လုပ်ဆောင်တာမှန်သမျှဟာ လုပ်ဆောင်ရခြင်းရဲ့ အကြောင်းရှိတာချည်းပဲ။

-ဟုတ်တာပေါ့ ဘုရား။

-အဲဒီအကြောင်းမှန်ကိုဖြစ်အောင် ဆင်ခြင်ပြီး ဆောင်ရွက်ယင် ကိလေသာမဖြစ်ဘူး။

-ဒါမမြင်ယင်ဖြစ်ဖြစ်၊မဆင်ခြင်ယင်ဖြစ်ဖြစ် ကိလေသာဖြစ်မယ်ပေါ့ ဘုရား။

-အဲဒါဆောင်ရွက်တာတိုင်းမှာပဲ ကိလေသာဖြစ်မှာပဲ။

-စားဝတ်နေရေး ဆောင်ရွက်တာတွေမှာလည်း ကိလေသာဖြစ်မှာပဲပေါ့ ဘုရား။

-ဘာသာရေးဆိုင်ရာ ဆောင်ရွက်တာတွေအထိ မလွတ်နိုင်ဘူး။

-ဟုတ်လို့လား ဘုရား။

-ဒါန၊သီလ၊ဘာဝနာ၊ အပစာယန...အစစတွေကို ဘာသာရေးအဖြစ် လုပ်နေကြတယ် မဟုတ်လား။

-အဲဒီအလုပ်တွေမှာ ကိလေသာတွေ ပါးရှားကုန်ကြတယ် မဟုတ်လား ဘုရား။

-ပါးရှားအောင် လုပ်တတ်သူတွေပဲ ပါးရှားမယ်။

-အဲဒါဘယ်သူတွေလဲ ဘုရား။

-ဒါန၊သီလ၊ဘာဝနာ၊အပစာယန... အစစတွေကို လုပ်ဆောင်ရခြင်းရဲ့အကြောင်းတွေ မြင်အောင် ဆင်ခြင်ပြီး လုပ်နိုင်သူပဲ။

-ဒါတွေကို လုပ်တောင်နေမှပဲ လုပ်ရခြင်းရဲ့အကြောင်း အမြင်ဆင်ခြင်ဖို့ အထူးလိုသေးလို့လား ဘုရား။

-ဒီစကားက ကြောက်စရာပဲ။

-ဘာဖြစ်လို့လဲ ဘုရား။

-ဒါန၊သီလ၊ဘာဝနာ...အစစတွေဟာ လုပ်ကောင်းတာတွေလို့ သိတာနဲ့ ပြည့်စုံပြီထင်တဲ့အသံ ပါနေလို့ပဲ။

-မဟုတ်လို့လား ဘုရား။

-အစာဖြစ်ဦးတော့ မစားတတ်ယင်ဘေး၊ စားတတ်မှဆေးပဲ၊ ဆေးဝါး ဖြစ်ဦးတော့ မသုံးတတ်ယင်ဘေးပဲ၊သုံးတတ်မှ ဆေးဖြစ်တယ်။

-ဒီလိုတော့ ကြားဘူးပါတယ် ဘုရား။

-ဒါန..အစစလည်း ဘာထူးမှာလဲပေါ့။

-ဒါန၊သီလ၊ဘာဝနာ၊အပစာယန...အစစတွေက ဘယ်လို ဘေးဖြစ်မှာလဲ ဘုရား။

-ကိလေသာ ပွားစေတာတွေပေါ့။

-ဘယ်လို ကိလေသာပွားတာလဲ ဘုရား။

-ဒါန၊သီလ၊ဘာဝနာ...အစစလုပ်သူဟာ **ကိုယ်လုပ်ရတာ ကိုယ်သာယာတဲ့ကိလေသာ** ပွားတာပေါ့။

-ကိုယ်လုပ်တာမှာ ကိုယ်မသာယာရတော့ဘူးလား ဘုရား။

-မေးစရာပဲ။

-ဘယ်လိုလဲ ဘုရား။

-ကိုယ်လုပ်တာတိုင်းဟာ အထိုက်အလျောက် ခံစားရမြဲရှိလို့ပါပဲ၊ အဲဒီခံစားရတာက ခံစားခွင့်ရှိပါတယ်၊ အဲဒီခံစားတာဟာ သာယာတာ မဟုတ်လို့ဘဲ။

-သာယာတယ်ဆိုတာက ဘယ်လိုဟာလဲ ဘုရား။

-သာယာတယ်ဆိုတာ ခံစားရတာထက်ကျော်ပြီး ခံစားမှုဖြစ်စေတဲ့ လုပ်ဆောင်ချက်ဟာ ကောင်းမွန်တယ်လို့ မြင်မြော်တဲ့အဖြစ်လို့ ပြောရမယ်။

-ဒီလို မြင်မြော်တာ မကောင်းဘူးလား ဘုရား။

-ဟုတ်တယ်။

-ဘာဖြစ်လို့လဲ ဘုရား။

-အဲဒီအလုပ်တွေပဲ လုပ်ချင်မှုတွေ ဖြစ်လို့ပဲ။

-လုပ်ချင်တော့ လုပ်တာကြောင့် ပိုမကောင်းဘူးလား ဘုရား။

-ဘယ်ကောင်းမလဲ။

-ဘယ်ကြောင့်လဲဘုရား။

-အဲဒီအလုပ်တွေထဲ လယ်နေတော့ အဲဒီအလုပ်တွေရဲ့ ကျေးကျွန်ဖြစ်မှာပေါ့။

-ကျေးကျွန်ဖြစ်တယ်ပြောလို့ တော်ပါ့မလား ဘုရား။

-လုပ်ပါဦး။

-ဘယ်သူ့ကျေးကျွန်မှ မဟုတ်တာပဲဘုရား။

-ကျေးကျွန်ဟာ လုပ်အားခ စေ့စေ့ငင မရပဲ အလုပ်လုပ်ရသူရဲ့ နာမည် မဟုတ်လား။

-ဟုတ်ပါတယ်ဘုရား။

-ဒါန၊သီလ၊ဘာဝနာ၊အပစာယန...အစစလုပ်လို့ဖြစ်တဲ့ ကိလေသာကြောင့် ဒါန၊သီလ၊ဘာဝနာ၊အပစာယန...အစစလုပ်သူဟာ ဒါလုပ်ရကျိုး စေ့စေ့ငင မရသူဘဲ ဖြစ်လို့ပေါ့။

-ဒါန၊သီလ...အစစတွေကို ဘေးမဖြစ်အောင် ဘယ်လိုလုပ်ရမှာလဲ ဘုရား။

-အကြောင်းမှန်မြင်အောင် ဆင်ခြင်ပြီးလုပ်တဲ့ ဒါန၊သီလ...အစစတွေဟာ ဘေးမဖြစ်ပါဘူး။

-အကြောင်းမှန်မြင်တာနဲ့ ဘယ်ကြောင့်ဘေးမဖြစ်တာလဲ ဘုရား

-အမှန်မြင်သူက မသာယာဘူးဘဲ

-အမှန်မြင်တော့ အဲဒီအမှန်မျိုး လုပ်ချင်တယ်လို့ မဖြစ်လို့လား ဘုရား။

-ယားတာကိုဖျောက်လို့ အယားပျောက်ပြီးနောက် မယားတော့ဘဲ အယားပျောက်ချင်ပါ့မလား။

-ဒီလိုလား ဘုရား။

-လုပ်စရာအကြောင်းမှန်အတိုင်း လုပ်ပြီးနောက် လုပ်စရာရှိတာနဲ့ပဲ လုပ်ချင်နေတယ်ဆိုတာ ဘယ်ဖြစ်ပါ့မလဲပေါ့။

-အလုပ်ကောင်းဟာ လုပ်မိရုံနဲ့မပြီးဘဲ လုပ်ရခြင်းရဲ့အကြောင်းမှန် သိဖို့လည်း လိုတာပေါ့ဘုရား။

-ဘယ်အလုပ်ဖြစ်ဖြစ် လုပ်ရခြင်းရဲ့အကြောင်းမှန် မသိဘဲလုပ်ယင် ကိလေသာ ဖြစ်မှာပဲ။

-မေထုန်မှုပြုရခြင်းရဲ့ အကြောင်းမှန်က ဘာလဲဘုရား။

-အချင်းချင်းချစ်မြတ်နိုးကြပြီး လင်မယားဖြစ်နေကြသူတွေမှာ တဦးနဲ့တဦး မေတ္တာသက်ဝင်နေတော့ ရုပ်တွေလည်း လန်းဆန်းတက်ကြွနေမှာပေါ့။

-ဟုတ်ပါတယ်ဘုရား။

-ဒီတော့ တဦးရဲ့ဆန္ဒကို တဦးက အလွယ်တကူ ဖြည့်ဆည်းချင်နေမှာပေါ့။

-ဒါ မေထုန်ရဲ့အကြောင်းမှန်လား ဘုရား။

-ဟုတ်တယ်။

-မေထုန်က ဘယ်လို ကိလေသာကို ဖြစ်စေတာလဲဘုရား။

-မေထုန်ပြုရခြင်းရဲ့အကြောင်း မရှိဘဲ ပြုတာပေါ့။

-ဘယ်လိုအကြောင်းမှန် မရှိတာလဲဘုရား။

-မေထုန်ဟာ ကိုယ်ချမ်းသာခံစားလိုတာက ပဓာနမဟုတ်ဘဲ တဖက်သူ ချမ်းသာစေလိုတာက ပဓာနဖြစ်နေကြသူအချင်းချင်းရဲ့ ဖြစ်ပွားချက်ဟာ အကြောင်းမှန်ပေါ့။

-အဲဒီလိုမဟုတ်ဘဲ မေထုန်မှုဟာ အကြောင်းမှန်က ချွတ်ယွင်းတာပေါ့ ဘုရား။

-ဟုတ်တယ်

-ဒီတော့ မေထုန်ပြုဖို့ မေတ္တာအကြောင်းရင်းမရှိဘဲ မေထုန်ပြုတာထဲ လည်ပတ်ရတာပေါ့။

-အဲဒါ မေထုန်ရဲ့ကျေးကျွန်ပေါ့ ဘုရား။

-တဖက်သူလိုအင်ကို ဖြည့်ဆည်းပေးတာမဟုတ်ဘဲ ကိုယ့်လိုအင်ကို တဖက်သူအသုံးချပြီး ဖြည့်ဆည်းတာပဲ။

-ဟုတ်တာပေါ့ ဘုရား။

-ဒါဟာ သူ့မှာ ဒီအစွဲအဝင်ခံရတာပဲ။

-ဒီ ဥပါဒါနက္ခန္ဓာဖြစ်တဲ့ အာရုံဟာ သူ့ကို ကိလေသာ ဖြစ်စေမှာပေါ့ ဘုရား။

-လူ့ဝန်းကျင်မှာရှိနေတဲ့ အာရုံတွေဟာ လူတွေကို ကိလေသာ မဖြစ်စေကြဘူး၊ လူဆီမှာရှိကြတဲ့ ဥပါဒါန်တွေကသာ ဥပါဒါန်ကြောင့် ဖြစ်တဲ့ အာရုံတွေကို အာရုံပြုပြီး အဲဒီဥပါဒါန်အာရုံမျိုးအဖြစ် လူ့ဝန်းကျင်က အာရုံတွေကို ဖန်ဆင်းယူပြီး ကိလေသာ ထကြွကြတာ ဖြစ်ကြတယ်။

-လူ့ဝန်းကျင်ကအာရုံကို လူ့ဝန်းကျင်ကအာရုံအတိုင်း သိပြီး ကိလေသာထတာ မဟုတ်ဘူးပေါ့ ဘုရား။

-ဒါပေါ့။

-လူ့ဝန်းကျင်ကအာရုံကို ဥပါဒါန်က အာရုံပြုထားတဲ့ ဥပါဒါနက္ခန္ဓာအာရုံလို့ အထင်မှားအာရုံပြုပြီးမှ ကိလေသာစိတ် ပေါ်တာပေါ့ ဘုရား။

-ဟုတ်တယ်။

-ရှမ်းကြိုက် နွားချောဆိုတဲ့ စကားပုံနဲ့ ဟပ်မိမယ်ထင်ပါတယ် ဘုရား။

-ဟုတ်ပါ့။

၁၂။ ဥပါဒါနက္ခန္ဓာအာရုံအမျိုးမျိုး

-လူမှာဖြစ်ကြတဲ့ ကိလေသာတွေဟာ လူ့ဝန်းကျင်အာရုံတွေကြောင့် မဟုတ်ဘဲ လူမှာစွဲမှီပြီးဖြစ်ပွားတဲ့ ဥပါဒါနက္ခန္ဓာ အာရုံတွေကြောင့်ပေါ့ ဘုရား။

-ဒါပေါ့။

-အဲဒီ ဥပါဒါနက္ခန္ဓာအာရုံတွေကလဲ အမျိုးမျိုးရှိမှာလား ဘုရား။

-ရှိတာပေါ့။

-အကျဉ်းချုပ်လောက် အမိန့်ရှိပါဦးဘုရား။

-ကာမဂုဏ်တွေကြောင့် ဖြစ်ကြတဲ့ ကာမဝိပါက်ဥပါဒါနက္ခန္ဓာအာရုံ၊ ရူပဂုဏ်တွေကြောင့် ဖြစ်ကြတဲ့ ရူပဝိပါက်ဥပါဒါနက္ခန္ဓာအာရုံ၊ အရူပဂုဏ်တွေကြောင့် ဖြစ်ကြတဲ့ အရူပဝိပါက်ဥပါဒါနက္ခန္ဓာအာရုံတွေလို့ ပြောရမယ်။

-ဒီလိုဆိုတော့ ကိလေသာကလဲ သုံးမျိုးပဲပြားမလားဘုရား။

-ဟုတ်တယ်၊ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာလို့ ဖြစ်မယ်။

-ကာမကိလေသာကို ဖြစ်စေတာက ကာမဝိပါက်ဥပါဒါနက္ခန္ဓာအာရုံ ဖြစ်မလားဘုရား။

-ဒါပေါ့။

-ရူပကိလေသာကို ဖြစ်စေတာနဲ့ အရူပကိလေသာတွေကို ဖြစ်စေတာတွေဟာ ရူပဝိပါက်ဥပါဒါနက္ခန္ဓာအာရုံနဲ့ အရူပဝိပါက် ဥပါဒါနက္ခန္ဓာအာရုံတွေ ဖြစ်မှာပေါ့ဘုရား။

-ဟုတ်တယ်။

-ကိလေသာဆိုတာ စိတ်ညစ်တာ၊စိတ်ရှုပ်တာတို့ဆိုတော့ ကာမကိလေသာက ကာမဥပါဒါနက္ခန္ဓာအာရုံတွေကြောင့်ဖြစ်ပွားတဲ့ စိတ်ညစ်စိတ်ရှုပ်အမည်ပေါ့ ဘုရား။

-ဒါပေါ့။

-ရူပ၊အရူပ ကိလေသာတွေလည်း ရူပဥပါဒါနက္ခန္ဓာအာရုံနဲ့ အရူပဥပါဒါနက္ခန္ဓာ အာရုံတွေကဖြစ်တဲ့ စိတ်ညစ်စိတ်ရှုပ်တွေပေါ့ ဘုရား။

-ဟုတ်ပါတယ်။

-ကိလေသာဆိုတာ တကယ်ရှိတာကြောင့်ဖြစ်တာ မဟုတ်ဘဲ ကိလေသာဖြစ်သူ စိတ်ထဲစွဲပြီး ဖြစ်တာကြောင့် ဖြစ်တာလားဘုရား။

-အမှန်ပဲ။

-ကာမကိလေသာဟာ ကာမဥပါဒါနက္ခန္ဓာအာရုံကြောင့် ဖြစ်တယ်ဆိုတော့ အစွဲထဲမှာဖြစ်နေတဲ့ လိုချင်မှုကြောင့်ဆိုတာ သိသာသလို ဖြစ်ပါတယ် ဘုရား။

-ဟုတ်ပြီ။

-ရူပဥပါဒါနက္ခန္ဓာအာရုံကြောင့်ဖြစ်တဲ့ ရူပကိလေသာဟာ အစွဲထဲမှာ ဘာဖြစ်တယ်ဆိုတာ ဘယ်လိုသိရမလဲ ဘုရား။

-ရုပ်ရဲ့အဖြစ်အပျက်ကြည့်သူဟာ ရုပ်အဖြစ်အပျက်လိုလားစရာနဲ့ မလိုလားစရာ မရှိတာကြောင့် လိုလားမှု-မလိုလားမှုများဖြစ်ကြတဲ့ ကာမသညာငြိမ်းတာတွေ ဖြစ်ကြတယ်။

-ဖြစ်ပြီပေါ့ဘုရား။

-အဲဒီ ကာမသညာငြိမ်းစေတဲ့ ရူပကံနဲ့ဝိပါက်ကို အဲဒါဟာ ငါနဲ့ ငါ့ဟာ၊ငါ့ကိုယ်ထည်အတွေ့လို့ အစွဲခန္ဓာဖြစ်တာပဲ။

-အမိန့်ရှိပါဦးဘုရား။

-အဲဒီရူပဝိပါက်ဥပါဒါနက္ခန္ဓာဖြစ်တဲ့ အစွဲခန္ဓာက ဇရာမရဏာ ဖြစ်တော့ ကိလေသာ ပေါက်တာပေါ့။

-ဒီတော့ အဲဒီကံ ပြန်လုပ်ချင်စိတ်တွေ ထတာလားဘုရား။

-ဟုတ်တယ်။

-ဒီလောက်ပဲ ဖြစ်ရသလားဘုရား...

၁၃။ ဒိဋ္ဌမမ္မနိဗ္ဗာန်(လောကနိဗ္ဗာန်)

-လိုလားစရာ မလိုလားစရာတွေရဲ့ အနှိပ်စက်ခံရသူဟာ နှိပ်စက်တဲ့ လိုလား-မလိုလားဖြစ်စရာအာရုံတွေ ငြိမ်းပြီး လိုလားရော မလိုလားရော မဖြစ်ရတော့ဘူးဆိုတော့ နိဗ္ဗာန်ရောက်တယ် ထင်စရာ မကောင်းဘူးလား။

-အဲဒါ နိဗ္ဗာန်လားဘုရား။

-နိဗ္ဗာန်လို့ အပြောခံရတဲ့ဟာပဲ။

-အပြောခံရမှတော့ နိဗ္ဗာန်ဟုတ်တာပေါ့ဘုရား။

-ကာမတွေငြိမ်းတာဆိုတော့ နိဗ္ဗာန်မဟုတ်ဘူးပြောလို့ ဖြစ်ပါ့မလား။

-အဲဒါ ဗုဒ္ဓဘုရားဟောတဲ့ နိဗ္ဗာန်ပေါ့ ဘုရား။

-ဒီလိုတော့ ဘယ်ဟုတ်မလဲ။

-အဲဒါက ဘာနိဗ္ဗာန်လဲဘုရား။

-ကိုယ်တွေ့ငြိမ်းတဲ့ နိဗ္ဗာန်လို့လဲခေါ်တယ်၊ စာပေလို ဒိဋ္ဌမမ္မနိဗ္ဗာန်ပေါ့၊ ဒုက္ခက မလွတ်သေးတဲ့နိဗ္ဗာန်လို့လဲ ခေါ်တာပဲ၊ စာပေလို လောကနိဗ္ဗာန်လို့လည်း ခေါ်တဲ့ နိဗ္ဗာန်ပေါ့။

-နိဗ္ဗာန်ကလည်း အမျိုးမျိုးရှိတာလား ဘုရား။

-ငြိမ်းတာ နိဗ္ဗာန်ဆိုတော့ ဒီလိုပဲ ရှိတာပေါ့။

-တခြား ဘာတွေရှိသေးလို့လဲ ဘုရား။

-ကာမတွေ အလိုသိမ်းလောက်အောင် ပြည့်စုံနေတာလဲ ငြိမ်းတာပဲ မဟုတ်ဘူးလား။

-ဟုတ်ပါတယ်ဘုရား။

-အရူပရောက်နေသူဟာ ရူပတဏှာတွေ ငြိမ်းမနေဘူးလား။

-ငြိမ်းတာပေါ့ဘုရား။

-ဒါတွေလဲ ဒိဋ္ဌမမ္မနိဗ္ဗာန်၊ လောကနိဗ္ဗာန်တွေပဲ။

-ဗုဒ္ဓဘုရားဟောတဲ့ နိဗ္ဗာန်နဲ့ ဒါတွေက ဘယ်လိုခြားသလဲ ဘုရား။

-ဒီနိဗ္ဗာန်တွေက အဘိနိဗ္ဗတ္တိတွေပဲ၊ ဗုဒ္ဓဘုရားဟောတဲ့နိဗ္ဗာန်က အနဘိနိဗ္ဗတ္တိပဲ။

-အဓိပ္ပါယ်က ဘယ်လိုလဲဘုရား။

-နောက်ထပ်ဖြစ်သေးတာက အဘိနိဗ္ဗတ္တိ၊ မဖြစ်တော့တာမှ အနဘိနိဗ္ဗတ္တိပေါ့။

-ပြန်ဖြစ်ဦးမယ့်အငြိမ်းက အဘိနိဗ္ဗတ္တိ၊ ပြန်မဖြစ်တော့တဲ့ အငြိမ်းမှ အနဘိနိဗ္ဗတ္တိပေါ့ ဘုရား။

-ဟုတ်ပါ့။

-အဲဒီနိဗ္ဗာန်ကို ဗုဒ္ဓဘုရားဟော နိဗ္ဗာန်လို့ထင်ထားကြလို့ အဲဒီ အငြိမ်းကို လက်ကမလွတ်နိုင်တဲ့ ကိလေသာတွေ ဖြစ်ကြတာလား ဘုရား။

-ဒါလည်းပါတာပေါ့။

-တခြားအကြောင်း ရှိသေးလို့လား ဘုရား။

-ရှိတာပေါ့။

-မိန့်ပါဦးဘုရား။

-ကိုယ်တွေ့ငြိမ်းထားတာပေါ့။

-ဘာတွေငြိမ်းလို့လဲ ဘုရား။

-လိုလားမှု မလိုလားမှုတွေပေါ့။

-လိုလားမှုမလိုလားမှုက ဖြစ်တာမကောင်းလို့လား ဘုရား။

-စိတ်အထင်အစွဲတွေ လိုလား မလိုလားတာ ဘယ်ကောင်း မလဲ။

-ဘာဖြစ်လို့ မကောင်းတာလဲ ဘုရား။

-ထင်ပေမယ့် ထင်တဲ့အတိုင်းရှိတာ မဟုတ်လို့ပေါ့။

-မရှိတာကို လိုလားမှုမလိုလားမှုဆိုတော့ ဘယ်လိုမှ ဖြစ်နိုင်တာ မဖြစ်နိုင်တာ ဆိုတာလည်း မကောင်းတာပေါ့ဘုရား။

-ဒါပေါ့

၁၄။ ဒိဋ္ဌမမ္မနိဗ္ဗာန်ကိလေသာဟာ ဝိဘဝတဏှာ

-ဒီလိုဆိုတော့ ဒီငြိမ်းတာဟာ လက်မလွတ်ချင်စရာပဲပေါ့ ဘုရား။

-ဒီငြိမ်းတာရဲ့ မငြိမ်းသေးတဲ့အဖြစ် မမြင်ယင် ဒီလိုပဲဖြစ်တာ ပေါ့။

-ငြိမ်းတာဟာ ဘာကိလေသာမှ ပေါက်စရာမရှိဘူး ထင်စရာ ပဲ ဘုရား။

-ဟုတ်တာပေါ့။

-ဘယ်လို ကိလေသာဖြစ်တာလဲဘုရား။

-ငြိမ်းတာက ခံစားမှုကို မဖြစ်စေဘူးလား။

-ငြိမ်းချမ်းတာရဲ့ ပြည့်ဝတဲ့ခံစားမှုတော့ ဖြစ်မှာပေါ့ဘုရား။

-အဲဒီခံစားမှုက ဒီအတိုင်းပဲနေမှာလား။

-တခြားအာရုံတွေ ဝင်လာယင်တော့ ပြောင်းမှာပေါ့ဘုရား။

-ဒီခံစားမှုက အစွဲနဲ့လုပ်ယူခံစားနေတာဆိုတော့ သူပျောက်သွား ယင် မနေတတ်မထိုင်တတ်ဖြစ်မယ် မဟုတ်လား။

-ဟုတ်ပါတယ် ဘုရား။

-ဒါကြောင့် အရှုပကိလေသာထဲပါတဲ့ တဏှာကို ဝိဘဝတဏှာ လို့ ပြောရတာပဲ။

-ဝိဘဝတဏှာဆိုတာ ဘဝမရှိတာ အပြစ်မရှိတာကို ဆာတယ် ပြောတာလား ဘုရား။

-ဒါပေါ့။

-ဘဝမရှိတာမရလို့ စိတ်ညစ်ရတယ်ဆိုတာ မဖြစ်ကောင်းစရာ လိုပဲ ဘုရား။

-ဒီလိုတော့ ဘယ်ဟုတ်မလဲ။

-ဘယ်လိုလဲဘုရား။

-ရနေတဲ့ဘဝတွေကို စိတ်ပျက်နေယင် ဘဝမရှိတာ လိုချင်ရမှာပဲ မဟုတ်လား။

-ဒါလည်း ဟုတ်ပါတယ်ဘုရား။

-ဒါတွေကြောင့် ရူပကိလေသာ၊ရူပတဏှာနဲ့ အရူပကိလေသာ၊ အရူပတဏှာတွေ မသိကြတာဘဲ။

-အဲဒါတွေ မရှိနေဘူးလို့တောင်ထင်တာ ဘုရား ။

-အတွေးအခေါ်မရှိဘဲ ဘယ်သိမလဲ။

-ဘာမှ မတွေးခေါ်ဘဲနေတာတော့ မဟုတ်ပါဘူးဘုရား။

-တွေးခေါ်တာတော့ ဟုတ်မှာပဲ၊ ဒါပေမယ့် တလွဲတွေ တွေးခေါ်တော့ တွေးခေါ်တယ်မပြောရဘူး။

-ဘာ တလွဲတွေ တွေးခေါ်လို့လဲဘုရား။

-ရူပ-ဘဝတဏှာ အမြင်နဲ့လုပ်တဲ့လမ်း၊ အရူပ-ဝိဘဝတဏှာ အမြင်နဲ့လုပ်တဲ့ လမ်းကို လောကုတ္တရာ(မဂ္ဂ)လမ်းလို့ တလွဲတွေးခေါ်တာပေါ့။

-ရှေးအခါကသူတွေက ဒီလိုပဲပြတော့ ဒီလိုပဲ တွေးခေါ်ရတာပေါ့ ဘုရား။

-ရှေးကအမှားကို ပုံချတာ မတော်ဘူး။

-ဒါတော့ မတတ်နိုင်ဘူးပေါ့ ဘုရား။

၁၅။ ဘုရာ့စကားဆိုတာတွေကို ပဋ္ဌိသခ်ီယောနိသော လုပ်ရမယ်

-ပြောတိုင်းယုံတဲ့သူဟာ လူတော်လား လူအ-လား။

-ပြောတိုင်းမယုံဘို့တော့ ပြောကြတာပေါ့ဘုရား။

-အဲဒီစကားကို ဘယ့်ကြောင့် နားမထောင်တာလဲ။

-ဘာသာတရားဆိုတော့ သက်ကြီးစကား သက်ငယ်ကြား လုပ်ရတာပေါ့ ဘုရား။

-ဘာသာတရားမှာ သက်ကြီးစကားအပြင် မှန်တာမရှိတော့ဘူး ဆိုလိုတာလား။

-သက်ကြီးစကားဟာ ခေတ်သစ်စကားထက်တော့ ဘာသာတရားဖော်ထုတ်သူနဲ့ ပိုနီးတယ်မဟုတ်လား ဘုရား။

-နီးပါတယ်။

-ပိုနီးသူက ဟုတ်တာကို ပိုသိဖို့အကြောင်း မရှိဘူးလားဘုရား။

-ဟုတ်သလိုပါပဲ။

-မဟုတ်လို့လား ဘုရား။

-အပြည့်အဝတော့ ဘယ်ဟုတ်နိုင်မှာလဲ။

-ဘယ်လိုလဲဘုရား။

-ပိုနီးသူလည်း အမြင်မှားမရှိနိုင်တာမှ မဟုတ်တာဘဲ။

-ဗုဒ္ဓဘုရားရဲ့ အန္တေဝါသိက အသျှင်သုနက္ခတ္တာတို့လည်း အမြင်မှားတော့ ရှိခဲ့တာ ဟုတ်ပါတယ်ဘုရား။

-ဒီတော့လည်း...

-အမိန့်ရှိပါ ဘုရား။

-ပိုနီးတဲ့သူတွေလည်း သူတို့အုပ်စုက ကြားရတဲ့ သင်ကြားချက်တွေကို အနက်မသိဘဲ သင်ကြားချက်တွေအတိုင်းပဲ ပြန်ပြောတယ်ဆိုယင် မှားမှန်းမှန်မှန်းသိပြီး ပြန်ပြောတာ ဖြစ်နိုင်ပါ့မလား။

-ဒီလိုတော့ ထင်ကောင်းပါ့မလား ဘုရား။

-သိုးသားဟင်းတွေ အစားများတယ်နဲ့တူတယ်။

-ဘာဖြစ်လို့လဲ ဘုရား။

-တွေးပုံက သိုးလိုဖြစ်နေလို့ပေါ့။

-သိုးက နောက်လိုက်စိတ်မွေးလို့လား ဘုရား။

-အဲဒီလို ဖြစ်မနေဘူးလား။

-ဒါကတော့ အားလုံးပဲဘုရား။

-မျှခံရတာ သက်သာတယ်ထင်လို့ ဒီလိုပြောတာလား။

-အဲဒီလိုကျသွားတာပေါ့ ဘုရား။

-ဘယ်လောက်များများပဲ၊ များတာက မှားတာကို မှန်မလာစေနိုင်ဘူး၊ အမှားဒု ထူသွားတာပဲရှိမယ်။

-အမှန်ပါပဲ ဘုရား။

-ဘုရားနဲ့ နီးနီးဝေးဝေး ဘယ်သူမဆို ပြောစကားကို ပြောစကားရဲ့ တကယ့်အဖြစ်အထိ အရကောက်နားလည်အောင် နားမထောင်တတ်ယင် အတွေးအခေါ်မှားနိုင်တာပဲ။

-ဒီလိုမဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဘုရား။

-ကြားသိဖတ်မှတ်ရတာတွေကို အဲဒီအတိုင်း မမှတ်ဖို့ဘဲ။

-ဘယ်လို မှတ်ရမှာလဲ ဘုရား။

-ပဋိသခ်ါယောနိသော လုပ်ကြည့်ရမှာပေါ့။

-အဲဒါက ဘယ်လိုလုပ်ရမှာလဲဘုရား။

-ပြောသူက သူပြောလိုတာတွေကို စကားလုံးတွေအဖြစ်ပြောင်းပြီး သူများကြားအောင် ပြောတာပဲ။

-ဟုတ်ပါတယ်ဘုရား။

-နားထောင်သူကလည်း သူ့ဆီကကြားရတဲ့ စကားလုံးတွေကို သူပြောလိုတဲ့ပုံစံရအောင် ပြန်ဆောက်ကြည့်တာပေါ့။

-ပဋိသခ်ါယောနိသောဆိုတာ ပြောသူရဲ့ ပြောလိုတဲ့ပုံစံ ပြန်ဖော်တာကို လုပ်တာပေါ့ဘုရား။

-ဟုတ်တယ်။

-ဘုရားရဲ့ တရားဒေသနာတွေလည်း ဘုရား ပုံပေါ်စေချင်တာတွေကို စကားလုံးအဖြစ်ပြောင်းပြီး ပြောထားချက်တွေပဲပေါ့ ဘုရား။

-ဒါပေါ့။

-ဘုရား ပုံပေါ်စေချင်တာတွေကို အဲဒီဘုရားရဲ့ စကားတွေ နားထောင်ပြီး ပုံဖော်ကြည့်ရမှာပေါ့ဘုရား။

-ဟုတ်တယ်။

-ရှေးကလည်း ဒီလိုပဲ ကြည့်ခဲ့ကြမှာပဲ မဟုတ်ဘူးလား ဘုရား။

-ကြည့်တော့ ကြည့်ခဲ့ကြစရာပဲ။

-ကြည့်ယင် သူတို့အမြင်အတွေးတွေ မှန်ရမှာပေါ့ဘုရား။

-ဟုတ်တာပဲ။

-အဲဒါ ဘယ်လိုဖြစ်တာလဲ ဘုရား။

-အဲဒီရှေးက ဘုရားဒေသနာစကားတွေ နာကြားဖတ်မှတ်သူတွေဟာ စာစကားတွေသာ တွေ့ပြီး အဲဒီစာစကားတွေကို ပြောသူကို မသိကြတာ ဖြစ်ကြလိမ့်မယ်။

-ပြောသူမသိဘဲ ပြောတဲ့စာစကားတွေ့ယင် အဲဒီစာစကားရဲ့ ပုံဖော်ချက်ရအောင် မဖော်နိုင်ဘူးလား ဘုရား။

-ဟုတ်တယ်။

-အဲဒါ ရှင်းပါဦးဘုရား။

-စကားတို့စာတို့ဟာ ပြောသူ၊ရေးသူ မသိယင် အနက်ဖော်ဖို့ ခက်တာပဲ။

-ခက်တယ်ဆိုတာ ဖော်လို့မပေါ်ဘူး ဆိုလိုတာလားဘုရား။

-ဟုတ်ပါတယ်၊ အဲဒီအဓိပ္ပါယ်ပါပဲ။

-ဘာဖြစ်လို့လဲ ဘုရား

-စကားတွေစာတွေဟာ ပြောသူရေးသူရဲ့ ပြောလိုရေးလိုချက်တွေကို ပြတဲ့ အမူအရာကြိယာတွေပဲ။

-စကားပြောတာဟာ စကားပြောသူပြလိုတဲ့ အမူအရာကြိယာတွေပေါ့ ဘုရား။

-ဟုတ်တယ်။

-မိန့်ပါဦးဘုရား။

-ပြောသူနဲ့ ပြောတဲ့စကားဟာ ကတ္တားနဲ့ကြိယာပဲ။

-ပြောပြတာက ကြိယာ၊ ပြောပြသူက ကတ္တားပေါ့ဘုရား။

-ဟုတ်တယ်။

-ပြောပြသူမသိဘဲ ပြောပြချက်ပဲသိတယ် ဆိုယင် ကြိယာပဲသိပြီး ကတ္တားမသိတာဘဲ။

-ဟုတ်တာပေါ့ ဘုရား။

-ကတ္တားနဲ့ကြိယာက ခွဲပြီးမသိကောင်းတဲ့ အရာတွေပဲ။

-ကတ္တားတခြား ကြိယာတခြား ဒီလိုကာလတွေခြားပြီး မသိကောင်းဘူးလား ဘုရား။

-ဟုတ်တယ်။

-သိယင် ဘာဖြစ်မှာလဲဘုရား။

-အရူးဖြစ်မှာပေါ့။

-အရူးက ကတ္တားနဲ့ကြိယာ တခြားစီပြောလို့လား ဘုရား။

-အရူးက ကြိယာချည်းထဲလဲပြောတယ်၊ လာနေပြီ...လာနေပြီ...၊ သွားနေပြီ...သွားနေပြီ... ဆိုတာမျိုးပေါ့။

-ဟိုလူပဲ...ဟိုလူပဲ...၊ ဒီလူပေါ့ ဒီလူပေါ့...လို့ ကတ္တားချည်းပြောတာလည်းရှိတာ ဟုတ်တာပဲဘုရား။

-တခြားစီပြောယင် အရူးဖြစ်မှာလို့ ဒါကြောင့်ပြောတာပေါ့။

-တခြားစီပြောယင် အရူးဖြစ်သလို တခြားစီကြားယင်လဲ ဒီလိုပဲများ ဖြစ်မလားဘုရား။

-ဘာထူးမှာလဲပဲ။

-ပြောသူမသိတဲ့စကားဟာ အဓိပ္ပါယ်မှန် မရနိုင်တာတော့ အသေအချာပါပဲ ဘုရား။

-ဒါ သေချာယင် ရှေ့တဆင့်တက်ပြီးပြောရအောင်။

-မိန့်ပါဘုရား။

၁၆။ ဒေသိတမ္မစစ်ကိုပဲ ဆောင်ရမယ်

-ရှေးကသူတွေဟာ ဒီဒေသနာတွေဟောပြောခဲ့တဲ့ ဘုရားကို သိကြရဲ့တဲ့လား။

-ဒီမေးခွန်းက မမေးထိုက်ဘူးထင်ပါတယ် ဘုရား။

-ဟုတ်ရဲ့လား။

-ဗုဒ္ဓဘာသာခေါင်းဆောင်တွေအဖြစ် ရပ်တည်နေကြသူတွေပဲ ဘုရား။

-ဟုတ်ပါတယ်။

-သူတို့ ဗုဒ္ဓဘုရားမသိယင် ဘာသိမှာလဲဘုရား။

-ဗုဒ္ဓဘုရားမသိယင် ဗုဒ္ဓဘုရားအတုကို သိမှာပေါ့။

-မဖြစ်နိုင်တာဘဲ ဘုရား။

-ဘာဖြစ်လို့လဲ။

-သူတို့က ဗုဒ္ဓဘာသာတွေပဲ ဘုရား။

-ဗုဒ္ဓဘာသာတွေဆီမှာ ဗုဒ္ဓဘုရားအတုကို ဘယ်သူက ပေးလို့ ရမှာလဲလို့ ထင်စရာရှိတာ ဟုတ်ပါတယ်။

-ဒါ မမှန်လို့လားဘုရား။

-ဘယ်တခြားသူကမှ လာမပေးနိုင်တာ သေချာပါတယ်။

-ဒီလိုဆိုယင် ဗုဒ္ဓဘုရားအတုက ဗုဒ္ဓဘာသာတွေလက်ထဲ ဘယ်လိုရောက်မှာလဲ ဘုရား။

-ဒီလိုမေးရမှာပဲ။

-အဲဒါ ဘယ်လိုဖြေမလဲ ဘုရား။

-အဲဒီခေတ်က ဗုဒ္ဓဘာသာတွေဟာ ဗုဒ္ဓဘုရားကို တွေ့ဖူးလိုက်သူတွေ မဟုတ်တော့တာ တချက်သတိထားရမယ်။

-မတွေ့ဘူးတာ သေချာမှာပါဘုရား။

-ဗုဒ္ဓဘုရား တွေ့ဖူးသူကိုတောင်မှ တွေ့ဖူးသူမဟုတ်တာလည်း မဖြစ်နိုင်ဘူးလား။

-ဗုဒ္ဓဘုရားနဲ့ နှစ်တရာ၊နှစ်ရာကြာမှ ဗုဒ္ဓဘာသာတွေဆိုယင် ဗုဒ္ဓဘုရားကို တွေ့ဖူးသူကိုတောင် တွေ့ဖူးကောင်းမှ တွေ့ဖူးစရာရှိမှာပါ ဘုရား။

-ဒီသူတွေ ဗုဒ္ဓဘုရားကို ဘယ်လိုသိကြမလဲ။

-ဗုဒ္ဓဘုရားရဲ့ ဟောပြောချက်ဒေသနာတွေကို လေ့လာနေကြသူတွေပဲ၊ အဲဒါတွေနဲ့ ဗုဒ္ဓဘုရားကို သိမှာပေါ့ဘုရား။

-ဗုဒ္ဓဘုရားရဲ့ ဒေသနာက အရိယသစ္စာဆိုင်ရာတွေလား၊ ဗုဒ္ဓဘုရား အကြောင်းတွေလား။

-ဗုဒ္ဓဘုရားအကြောင်း ဒေသနာလည်း ဗုဒ္ဓဝံသပါဠိဆိုပြီးရှိတယ် သိရပါတယ် ဘုရား။

-အဲဒါ တကယ်ဟော-မဟောတော့ တွေးဖို့ကောင်းတာပဲ၊ တကယ် ဟောခဲ့ဦးတော့ ဒါကို ဗုဒ္ဓဘာသာဝင် အများအပြားအစုတွေက သိကြပါ့မလား။

-ဒီလိုတော့ သိစရာမရှိပါဘူး ဘုရား။

-ဗုဒ္ဓဘုရားရဲ့ ဒေသနာတွေကလည်း အများအပြားပဲ။

-ဟုတ်ပါတယ် ဘုရား။

-ဒါတွေဆောင်ကြရတယ်ဆိုတော့ ဒါဆောင်ရမယ့်တာဝန်ဟာ နည်းနည်းပါးပါး မဟုတ်ဘူး။

-အတော်ကြီးလေးမှာပဲ ဘုရား။

-သာသနာ့ဝန်ထမ်းသူတွေဟာ ဒီဝန်ပိနေတာနဲ့ တခြားလုပ်နိုင်စရာတောင် ရှိမှရှိပါ့မလားပဲ။

-ဘုရားကတော့ တရားကို ဖောင်ဥပမာနဲ့ပေးပြီး ဟောခဲ့တာ ရှိတယ် သိရပါတယ် ဘုရား။

-အဲဒါရဲ့ အဓိပ္ပါယ်ကတော့ ဖောင်ဟာ တဖက်ကမ်းကူးတဲ့အခါမှာ အသုံးချဖို့ပဲ၊ ထမ်းပိုးသွားနေဖို့ မဟုတ်ဘူးလို့ပေါ့။

-ဒီလိုဆိုတော့လည်း ဗုဒ္ဓဘုရားဒေသနာတွေ ပျောက်ကွယ်ကုန်ကြမလားပေါ့ ဘုရား။

-ဒီလိုတော့ ဟုတ်ပုံမရပါဘူး။

-ဗုဒ္ဓဘုရား လွန်တော်မူခါနီးမှာ မိန့်ကြားချက်ကို မသိကျိုးကျွံ ပြုသလိုလည်း ဖြစ်နေမလားပေါ့ ဘုရား

-ဘယ်လို မိန့်ကြားခဲ့လို့လဲ

-ရှင်အာနန္ဒာက ဘုရားလွန်ပြီးနောက်မှာ ဗုဒ္ဓဘုရားကိုယ်စား ဘယ်သူ့ကိုထားရမလဲ အဓိပ္ပါယ်ရှိတဲ့စကား လျှောက်တာကို သူညွှန်ပြပြီးတဲ့တရားတွေကို ဆရာဘုရားထားရမယ်လို့ မိန့်ကြားချက်ပေါ့ ဘုရား။

-အဲဒီမှာ ပါဠိက ဓမ္မောစ မယာ ဒေသိတောလို့ မိန့်ခဲ့တာပဲ။

-အဓိပ္ပါယ်က သူညွှန်ပြပြီးတဲ့တရားလို့ ရတာ မဟုတ်ဘူးလား ဘုရား။

-ဟုတ်ပါတယ်။

-ဒီတော့ ဗုဒ္ဓဘုရားဟောတဲ့တရားတွေကို ဆရာမှတ်မှတ်ထားဖို့ ဟောချက်တွေ မပျောက်ပျက်အောင် ဆောင်ရမှာပဲလို့ အဓိပ္ပါယ်ရှိတာပဲ မဟုတ်ဘူးလား ဘုရား။

-အဲဒီလိုလည်း တွေးစရာပဲ။

-ဒီလိုပဲတွေးလို့ ပဌမ၊ဒုတိယ...အစစ သင်္ဂါယနာတွေ တင်ခဲ့ကြပြီ မဟုတ်လား ဘုရား။

-ဟုတ်ပါ့။

-ဒီစီမံကိန်းဟာ အရှင်မဟာကဿပ အစရှိတဲ့ ရဟန္တာကြီးတွေရဲ့ စီမံကိန်းပဲ ဘုရား

-ရဟန္တာကြီးတွေ လုပ်ခဲ့ကြတဲ့ စီမံကိန်းဖြစ်လို့ မမှားဘူးလို့တော့ လုပ်လို့ မဖြစ်ဘူး။

-ရဟန္တာကြီးတွေပဲ ဘုရား။

-ရဟန္တာက ကိလေသာနဲ့လုပ်ရမယ့် လုပ်ငန်းကို မှားပြီးလုပ်မိမှာမျိုးသာ မမှားတော့တာဘဲ။

-ဘုရားဟောတဲ့ တရားတွေဆောင်တာ မှန်ကောင်းမှမှန်မယ်လို့ ဘယ့်ကြောင့်ပြောနိုင်တာလဲ ဘုရား။

-အတွေ့အကြုံအရပေါ့။

-ရဟန္တာကြီးတွေက ဒီအတွေ့အကြုံလောက်ကို မတွေးနိုင်ဘူးလား ဘုရား။

-တွေးတတ်တယ်ဆိုတာ အလားတူအတွေ့အကြုံမျိုး ခပ်ဆင်ဆင်ရှိမှ မဟုတ်လား။

-ဘုရားရဲ့ဟောချက်တွေဆောင်တာ မှန်မှမှန်မယ်လို့ တွေးနိုင်တဲ့ အကြောင်း မိန့်ပါဦးဘုရား။

-ဆောင်ရတဲ့တာဝန်တွေ အပိခံနေရတဲ့ ဝန်ထမ်းတွေ မြင်နေရတာပဲ။

-ညွှန်ပြပြီးတရားတွေဟာ ဆရာဘုရားပဲလို့ ပြောခဲ့တာ ဘယ်လိုလုပ်မလဲ ဘုရား။

-ဗုဒ္ဓဘုရားညွှန်ပြတဲ့ တရားက ဗုဒ္ဓဘုရား ဟောထားပြီးသား တရားတွေလား၊ ဟောတာနာကြားပြီး တရားရနေကြသူတွေရဲ့ တရားတွေလား၊ ဒီလိုမရှိနိုင်ဘူးလား။

-အို-ဘုရား...

-ညွှန်ပြပြီးတဲ့ တရားဓမ္မဆိုတာ ဒေသိတဓမ္မပဲ မဟုတ်လား။

-ဟုတ်ပါတယ် ဘုရား။

-ဓမ္မစကြာတရားနဲ့ အဲဒီညွှန်ပြချက်ကြောင့် ရဟန္တာဖြစ်သွားကြတဲ့ ပဉ္စဝဂ္ဂီရဟန်းငါးပါးပဲ ကြည့်ရအောင်။

-မိန့်ပါဘုရား။

-ဒွေမေ ဘိက္ခဝေ အန္တာ...အစရှိတဲ့ ဓမ္မစကြာစာတွေနဲ့ ရွတ်ဖတ်သံတွေဟာ ဒေသိတဓမ္မလား၊ ပဉ္စဝဂ္ဂိတို့ရကြတဲ့ ရဟန္တာအဖြစ်တရားတွေက ဒေသိတဓမ္မတွေလား စစ်ကြည့်ဖို့ မကောင်းဘူးလား။

-ရဟန္တာအဖြစ်တွေဟာ ဒေသိတဓမ္မလို့ မတွေးမိအောင်ဘဲ ဘုရား။

-ဓမ္မစကြာ...အစရှိတဲ့စာတွေနဲ့ အဲဒါတွေ ရွတ်ဖတ်သံတွေကို ဒေသိတဓမ္မအဖြစ်တော့ သိကြပြီးတွေပဲ။

-ဟုတ်ပါတယ်ဘုရား။

၁၇။ ကိုယ်နဲ့တော်တဲ့တရားပုံစံ ဆောင်မှ တရားရမယ်

-ဥပမာပြောကြည့်ရအောင်။

-မိန့်ပါဘုရား။

-အစာတွေထဲခတ်ရတဲ့ ဆား ဆိုပါတော့။

-ဘာဖြစ်လို့လဲ ဘုရား။

-စာထဲစကားထဲက ဆားနဲ့ အိုးထဲကဆားဆိုပါတော့၊ ဘယ်ဆားက တကယ့်ဆားလဲ ကြည့်ရမယ်။

-ဓမ္မလည်း ဒီလိုကြည့်ရမလား ဘုရား။

-စာထဲစကားထဲက ဓမ္မနဲ့ လူတွေကျင့်ဆောင်ပြီး ရရှိနေတဲ့ဓမ္မလို့ နှစ်မျိုးပေါ့။

-ဓမ္မနှစ်မျိုးလုံးကတော့ ဒေသိတဓမ္မဖြစ်တာချည်းပဲပေါ့ ဘုရား။

-ဒေသိတဓမ္မနှစ်မျိုးမှာ ဘယ်ဒေသိတဓမ္မက အစစ်ဒေသတိတ ဓမ္မလဲ ကြည့်ဖို့မကောင်းဘူးလား။

-အတုနဲ့အစစ်က ဘယ်လိုခွဲမှာလဲ ဘုရား။

-စာထဲစကားထဲက ဆားဟာ ငန်တဲ့အရသာ ရှိလို့လား။

-ဘယ်ငန်မလဲဘုရား။

-မငန်ယင် ဆားအစစ်မဟုတ်ဘူးပေါ့။

-စာထဲစကားထဲက ဆားက ဆားမဟုတ်ယင် ဘာလဲဘုရား။

-ဆားကိုယ်စားပြုအရာပဲ၊ ဆားပုံစံလို့ပြောလည်း ရပါတယ်။

-စာထဲစကားထဲက ဓမ္မကလည်း ဓမ္မအစစ်မဟုတ်ဘဲ ဓမ္မပုံစံပဲလား ဘုရား။

-အဲဒါတွေ ဖတ်မှတ်ရွတ်အံနေလို့ တရားရသူ ဖြစ်ပါ့မလား။

-ဒီလိုနဲ့ တရားရသူဖြစ်ယင် တရားရသူတွေ အခုလို ရှာမရဖြစ်မှာ မဟုတ်ဘူးပေါ့ ဘုရား။

-ဒါဟာ တကယ်ကို မဆောင်ဘဲ တရားပုံစံကို ဆောင်မိတာ ထင်ရှားတာပဲ။

-တရားပုံစံဟာ တရားရဖို့ပဲ မဟုတ်ဘူးလားဘုရား။

-ဟုတ်ပါတယ်။

-တရားပုံစံဆောင်လျှက်နဲ့ ဘာကြောင့် တရားမရကြတာလဲ ဘုရား

-တရားပုံစံကိုဆောင်ကြပေမယ့် သူတို့ဆောင်ကြတဲ့ တရားပုံစံတွေက သူများတွေနဲ့မတော်တဲ့ တရားပုံစံတွေပဲဖြစ်ပြီး သူတို့နဲ့တော်တဲ့ တရားပုံစံတွေ မဟုတ်ကြလို့ပေါ့

-ဒီလိုဟုတ်ပါ့မလား ဘုရား

-စစ်ကြည့်ပေါ့

-ဘယ်လိုစစ်ရမလဲ ဘုရား

-ဗုဒ္ဓဘုရားဟာ အရိယသစ္စာပဲ ဟောတာပဲ

-ဟုတ်ပါတယ်ဘုရား

-အရိယသစ္စာ ဟောကွက်တွေက ထောင်သောင်းချီရှိနေတယ်

-ရှိပါတယ်ဘုရား

-အဲဒါ ဘာဖြစ်လို့လဲ။

-အမိန့်ရှိပါဘုရား။

-နာကြားကြတဲ့သူတွေနဲ့တော်အောင် တရားပုံစံတွေ ပေးရလို့ပဲ။

-နာကြားကြသူတွေလဲ အမျိုးမျိုးရှိတာ ထင်ရှားပါတယ် ဘုရား။

-အဲဒီတရားတွေဟာ အဲဒီသူတွေနဲ့တော်တဲ့ ဓမ္မပုံစံတွေပဲ။

-အဲဒီဓမ္မပုံစံတွေဟာ တပည့်တော်တို့နဲ့တော်တဲ့ ဓမ္မပုံစံတွေ မဟုတ်ဘူးပေါ့ ဘုရား။

-ကာလ၊ဒေသ၊ပုဂ္ဂလတွေ အခြားကြီးခြားနေမှာပဲ၊ ဘယ်မှာ တော်တဲ့ပုံစံ ဟုတ်ပါ့မလဲ။

-ဒါကြောင့် တရားမရကြတာလား ဘုရား။

-ဒါပေါ့။

-မတွေးတတ်စရာဘဲ ဘုရား။

-ဒီလို ခက်မပစ်လိုက်ပါန၊ဲ့

-အဲဒါရှင်းအောင် မိန့်ဦးပေါ့ဘုရား

-တရားမှမဟုတ်ဘူး၊ အသိပညာ အတတ်ပညာ တရပ်ရပ် ဖြစ်ဖြစ်၊ စကားဖြစ်ဖြစ် ကာလ၊ဒေသ၊ပုဂ္ဂလတွေခြားယင် အမှန်ရဖို့ လွယ်လွယ်နဲ့ မဖြစ်တော့တာဘဲကြည့်ပေါ့။

-ပြဇာတ်ဆရာကြီး ရှိတ်စပီးယား အုတ်ဂူကစာတောင် ဒီနေ့ ဖတ်လို့ နားလည်ဖို့ မလွယ်ဘူးတော့ မှတ်ရဘူးပါတယ် ဘုရား။

-အဲဒီခေတ်ကလူတွေနဲ့တော်အောင် ရေးထားတဲ့စာက ဒီနေ့ လူတွေနဲ့ မတော်တော့လို့ ဖတ်မရတာဘဲ။

-အဲဒီလိုဆိုတော့ ဘုရား...

-ပြောပါ။

-ဗုဒ္ဓဘုရားဆီက သူနဲ့တော်တဲ့တရားဟောလို့ တရားရသူဟာ ဗုဒ္ဓဘုရားဟောတဲ့တရားကို ပြန်မဟောနဲ့၊ သူသိတဲ့တရား သူဟော လုပ်ရမှာလား ဘုရား။

-ဒါပေါ့။

၁၈။ ဆရာအဖြစ်ထားရမယ့် ဒေသိတမ္မအစစ်ဟာ အရိယသစ္စာ လေးပါးပဲ

-အဲဒါဆိုယင် တရားတွေက တယောက်တပေါက် ဖြစ်မနေကြ ပေဘူးလား ဘုရား။

-ဖြစ်မှာပေါ့။

-ဒီလိုဖြစ်တော့ တရားတွေ အကွဲကွဲအပြားပြားတွေ ဖြစ်မကုန် ပေဘူးလား ဘုရား။

-အရိယသစ္စာတရားချင်း အတူပဲဖြစ်မှာပါ။

-ဟုတ်ပါ့မလား ဘုရား။

-ဒါက ဟောသူတွေကွဲလို့ တရားကွဲတာပဲ မဟုတ်လား။

-ဟုတ်ပါတယ်ဘုရား။

-နာသူတွေကွဲလို့ တရားကွဲတာတွေလည်း ရှိတာပဲ။

-ဘယ်လိုလဲ ဘုရား။

-ဗုဒ္ဓဘုရားဆီက တရားနာကြသူတွေလည်း ကွဲကြတော့ ဟောတဲ့တရားလည်း အမျိုးမျိုးကွဲတာပဲ၊ ဒါပေမယ့် အရိယသစ္စာချည်း ဆိုတော့ တူတာပဲပေါ့။

-ဒီလိုတော့လည်း ဟုတ်ပါတယ်ဘုရား။

-အသိပညာ၊အတတ်ပညာ အကျင့်စရိုက်၊ဓလေ့ထုံးစံ ဘာသာ စကား အစစ်တွေဟာ ကာလ၊ဒေသ၊ပုဂ္ဂလတွေ ရပ်မနေခဲ့ဘို့ လိုတာပဲ။

-ဗုဒ္ဓဘုရားလက်ထက်က တော်မယ့်သူတွေအတွက် ဟောခဲ့ တဲ့ ဗုဒ္ဓဘုရားတရားတွေအတိုင်း ရွတ်ဖတ်ဟောပြော ပို့ချနေတာတွေဟာ ရပ်နေခဲ့တာတွေလား ဘုရား။

-ဒါပေါ့။

-မယာ ဓမ္မော ဒေသိတော သော ဝေါ မမစ္စယေန သတ္ထာ၊ ဘုရားဆီကရတဲ့ ဓမ္မကို အဆင့်ဆင့် ဆောင်ယူပို့ချရာက ကိုယ့်ဆရာက ဆောင်၊ ကိုယ့်ဆရာက သူဆောင်တာပို့ချတာကို ကိုယ်ကရ ဖြစ်ရမှာ လား ဘုရား။

-အဲဒီလိုလာခဲ့ယင် ခေတ်ကာလတွေ ပြောင်းချင်သလောက် ပြောင်း၊ ဒေသတွေ၊ပုဂ္ဂလတွေလည်း ဒီလိုပဲ ဘယ်လောက်ပြောင်း ပြောင်း အရိယသစ္စာတရားဟာ ကာလ၊ဒေသ၊ပုဂ္ဂလတွေပေါ် ဖြတ် ကျော်လာမှာပဲ။

-စကားကလေးသာ ရောက်တတ်ရာရာ ပြောလာတာ အောက် မေ့ရပေမယ့် ဒီနေ့အဖြစ်နဲ့ အဝေးကြီးကို ရောက်နေဘီပေါ့ ဘုရား။

-ဟုတ်တာပေါ့။

-ဘယ်စာကိုမှ အားမကိုးဘို့ လက်ညှိုးမထိုးဘို့ လိုလာပြီပေါ့ ဘုရား။

-လူနာဆီရောက်နေတဲ့ ရောဂါဟာ ဘာကြောင့်လို့ သိနေတဲ့ ဆရာဟာ ကျမ်းစာကိုးတာ ရှေးထုံးလက်ညှိုးထိုးတာ လုပ်မှာ မဟုတ်

ပါဘူး။

-ဗုဒ္ဓဘုရားရဲ့ ဒေသိတမဂ္ဂဟာ အရိယသစ္စာပဲပေါ့ ဘုရား။

-ဟုတ်တယ်။

-အဲဒီအရိယသစ္စာကို ဆရာဘုရားအဖြစ် ထားရမှာပေါ့ ဘုရား။

-အဲဒီ ဆရာထားရမယ့် အရိယသစ္စာဟာ ဟောပြောချက် အရိယသစ္စာလား၊ ရရှိချက်အရိယသစ္စာလား၊ ဒါပေါ်အောင်ပြောခဲ့တာ မဟုတ်ဘူးလား ဘုရား။

-ဟုတ်တာပေါ့။

-ဟောပြောချက်ဖြစ်တဲ့ အရိယသစ္စာတရား ဆရာထားလို့ ဒုက္ခ မျှားခဲ့ကြတယ်လို့ ပြပြီး၊ ရရှိချက်ဖြစ်တဲ့ အရိယသစ္စာတရားကို ဆရာ ထားယင် ဒုက္ခမမျှားဘဲ ရိုးသားပြီး အကျိုးများကြမှာကို မြင်ပြခဲ့တာ ပေါ့ ဘုရား။

-ဟုတ်ပါတယ်။

-ဟောကြားချက်ဖြစ်တဲ့ အရိယသစ္စာတရားဟာ ဟောပြော စဉ်က နာကြားသူများ အရိယာဖြစ်ဖို့ပဲဖြစ်တယ်လို့လည်း ပြောခဲ့ ပါတယ် ဘုရား။

-ဗုဒ္ဓဘုရားတရားဟောတဲ့အခါ နာကြားသူကို ဣန္ဒြိယပရော ပရိယတ္တိဉာဏ်နဲ့ ဆင်ခြင်ကြည့်ပြီး ဟောတယ်လို့ ကြားဘူးမှာပါ။

-ကြားဖူးပါတယ် ဘုရား။

-ဗုဒ္ဓဘုရားရဲ့တရားဟာ မုဆိုးရဲ့မြားလိုပဲ၊ ချိန်ရွယ်ပစ်တာခံရတဲ့ သားကောင် ထိအောင်ပဲ၊ တခြားသားကောင်တွေထိအောင် မဟုတ် တော့ မထိသလို၊ နာကြားသူကို အဲဒီဉာဏ်နဲ့တည့်အောင် ချိန်ရွယ်

ဟောတာဖြစ်တဲ့အတွက် တခြားသူတွေ နားလည်ဖို့အကြောင်း ရှိပါ့ မလား။

-အဲဒီလိုတော့ တွေးစရာကြီးပဲပေါ့ ဘုရား။

-ဒါကြောင့် ဗုဒ္ဓဘုရားရဲ့ ဒေသိတမဂ္ဂဖြစ်ကြတဲ့ ဟောထားခဲ့ပြီး တဲ့ တရားတွေဟာ လေ့လာသူတွေကို တရားထူးရစေတာဖြစ်မှာ မဟုတ်ဘူး ကောက်ချက်ဆွဲခဲ့တာပဲ။

-ဗုဒ္ဓဘုရားဟောပြောချက် ပိဋ္ဌကတွေ လေ့လာရလို့ တရားထူး မရနိုင်တာကြောင့် ဗုဒ္ဓဒေသနာတွေလေ့လာလို့ ဗုဒ္ဓဘုရားကို မသိနိုင် ဘူး ဆိုတာကို ရှင်းပြခဲ့တာလား ဘုရား။

-ဟုတ်တယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာတွေက ဗုဒ္ဓဘုရားအစစ်ကို မသိကြဘဲ ဗုဒ္ဓဘုရားအတုကိုသာ သိကြသူတွေဖြစ်မယ် ပြောခဲ့တာပဲ။

၁၉။ သမာသမတ်အတွေးအခေါ် မရှိတာ စိတ္တဇရှိနေလို့

-ဗုဒ္ဓဘာသာတွေလုပ်ပြီး အတွေးအခေါ်မရှိတာအကြောင်း ဆရာတော် ဆွေးနွေးပြတာ အတော်ကြီး ရှည်လျားပြည့်စုံလာတာ တွေ့ရပါပြီ ဘုရား

-အတွေးအခေါ်အကြောင်း ကြားရတာ ဦးငွေ့လာပြီလား။

-မဟုတ်ပါဘူးဘုရား။

-အတွေးအခေါ်မရှိတာအကြောင်း နိဂုံးမချုပ်ခင်မှာ ကွဲပြား အောင် ပြောစရာရှိသေးတယ်။

-အမိန့်ရှိပါဘုရား။

-အတွေးအခေါ်မရှိဘူး ပြောတာဟာ ဘာအတွေးအခေါ်မှ မရှိလို့ အတွေးအခေါ်မရှိဘူး ပြောတယ် မမှတ်ဘို့ပေါ့။

-ဗုဒ္ဓဘာသာအတွေးအခေါ်မရှိလို့ ပြောတာမဟုတ်ဘူးလား ဘုရား။

-အဲဒီလိုတော့ မပြောလိုက်ပါနဲ့။

-မဟုတ်လို့လား ဘုရား။

-မဟုတ်လို့တော့ မဟုတ်ဘူးပေါ့။

-မဟုတ်တာမဟုတ်ဘဲ ဘယ့်ကြောင့် မပြောရစေချင်တာလဲ ဘုရား။

-ကျဉ်းမြောင်းသွားလို့ပဲ။

-ဘယ်လိုလဲဘုရား။

-ဘာသာတရားတခုလို မတွေးတာဘဲ ဘာဆန်းသလဲဆိုတာ မျိုး ဖြစ်မှာကြောင့်ပေါ့။

-အဲဒီလိုလည်း မဟုတ်ဘူးလားဘုရား။

-ပြောရင်းပဲ ကဲလာပြီ။

-ဘယ်လိုလဲဘုရား။

-ရိုးသားဖြူစင်ကြတဲ့လူတွေရဲ့ အတွေးအခေါ်မျိုးဖြစ်တဲ့ သမာသမတ်အတွေးအခေါ် မရှိလို့ ပြောရတာပဲ။

-လူအတွက် သဘာဝကျတဲ့ အတွေးအခေါ်မရှိလို့လို့ ပြောရမလား ဘုရား။

-လူဆက်ဆံရေးအတွက် မှန်ကန်တဲ့အတွေးအခေါ် မရှိတာဘဲပေါ့။

-ဒါမရှိတာနဲ့ အတွေးအခေါ်မရှိဘူးပြောရအောင် ဒါက ဘယ်လောက် ပဓာနကျလို့လဲ ဘုရား။

-ဒီထက် ပဓာနကျတာတွေ မြင်လို့လား။

-ရှိမလားလို့ပေါ့ဘုရား။

-ထင်ယင် ထုတ်ကြည့်ရမှာပဲ။

-စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ ကမ္ဘာ့ရာသီဥတုအရေး၊ စကြာဝဠာအရေး...အစစတွေကို ထုတ်ရမှာပေါ့ဘုရား။

-အဲဒါတွေနဲ့စပ်ပြီး တွေးခေါ်စရာတွေ အများအပြားရှိတာ ဟုတ်ပါတယ်။

-အဲဒီအတွေးအခေါ်တွေက ပဓာနမကျဘူးလား ဘုရား။

-တွက်ကြည့်ရမှာပေါ့။

-ဘယ်လိုတွက်မှာလဲ ဘုရား။

-အဲဒီ အတွေးအခေါ်ရှိသူဟာ လူ့လွတ်လပ်ခြင်းချမ်းမှုကို ရမှာလား။

-အထောက်အကူတော့ ဖြစ်မှာပေါ့ဘုရား။

-အဲဒီအတွေးအခေါ်တွေ ပြည့်စုံနေသူဟာ လူ့ဆက်ဆံရေးမှာ အတွေးအခေါ်မှားလို့ ဆက်ဆံရေးမှားတယ်ဆိုယင် လွတ်လပ်ခြင်းမှု ရနိုင်ဦးမလား။

-လူဟာ လူ့ဆက်ဆံရေးမှားယင်တော့ ဘယ်အတွေးအခေါ်တွေပဲ တတ်ချင်တတ် လွတ်လပ်မှာမဟုတ်ပါဘူး ဘုရား။

-လူ မလွတ်လပ်မခြင်းပဲ စီးပွားရေး၊ပညာရေး...အစစတွေ တွေးခေါ်တတ်တာဟာ အရူးစီးပွားရှိ ပညာတတ်တာမျိုး...အစစတွေလို

ဖြစ်မနေဘူးလား။

-မလွတ်မငြိမ်းချမ်းတာဟာ လွတ်လပ်ငြိမ်းချမ်းကြောင်း အတွေးအခေါ် မရှိလို့ပေါ့ဘုရား။

-ဒါပေါ့။

-လွတ်လပ်ငြိမ်းချမ်းကြောင်း အတွေးအခေါ်မရှိတာဟာ ဘာဖြစ်တာလဲ ဘုရား။

-စိတ္တဇရှိတာပဲပေါ့။

-အဲဒီစိတ္တဇက သူ့ဟာသူဖြစ်တာလား ဘုရား။

-မဟုတ်ဘူး။

-သူများပြုစားလို့ ဖြစ်တာလားဘုရား။

-မဟုတ်ပါဘူး။

-စိတ္တဇဖြစ်သူကိုယ်တိုင်က စိတ္တဇဖြစ်အောင်လုပ်လို့ ဖြစ်တာလား ဘုရား။

-ဒီလိုလည်း မဟုတ်ပါဘူး။

-ဘာကြောင့်ဖြစ်တာလဲ ဘုရား။

-သဘာဝမကျတဲ့အာရုံကို မြင်လို့ပဲ။

-သဘာဝမကျတဲ့အာရုံဆိုတာ တကယ့်အရှိမဟုတ်တဲ့ အာရုံလား ဘုရား။

-ဟုတ်တယ်။

-အဲဒီအာရုံက ဘယ်မှာရှိတာလဲဘုရား။

-သူ့အမှတ်သညာစိတ်လို့ ပြောလို့လည်းရတဲ့ သူ့ခေါင်းထဲမှာ ရှိတာပဲ။

-အဲဒီအာရုံက သူ့ခေါင်းထဲကို ဘယ်လိုရောက်လာတာလဲ ဘုရား။

-သူ့ ကိုယ်နှုတ်နှလုံးတခုခု လွန်ကျူးတဲ့ပြန်ရာက ခေါင်းထဲ ဖြစ်လာတာပဲ ။

-ကိုယ်နှုတ်နှလုံးအမှုပဲဟာ လွန်ကျူးတယ်လို့ ရှိသေးသလား ဘုရား။

-ဟုတ်တယ်။

-ဘယ်လိုကြောင့် လွန်ကျူး ဖြစ်ရတာလဲ ဘုရား။

-လုပ်သူဟာ သူ့အသိစိတ်နဲ့လုပ်လိုက်တာ မဟုတ်တော့ အပိုအလိုမရှိတဲ့အလုပ် မဖြစ်တော့ဘဲ ပိုပိုလိုလို တခုခုဖြစ်လို့ပဲ။

-သူ့အသိစိတ်နဲ့လုပ်တာမဟုတ်ယင် အဲဒီအလုပ်ဟာ စိတ်မပါဘဲ လုပ်တဲ့ အလုပ်လားဘုရား။

-ဒီလိုတော့ မဟုတ်ဘူး။

-ဘယ်လိုလဲဘုရား။

-စိတ္တဇနဲ့လုပ်တဲ့ အလုပ်ပေါ့။

-စိတ္တဇစိတ်က သူ့စိတ်မဟုတ်ဘူးလား ဘုရား။

-မဟုတ်ဘူးဘဲ။

-သူများစိတ်လား ဘုရား။

-ဒီလိုလည်း မဟုတ်ဘူး

-ဘယ်လိုလဲဘုရား။

-အပြင်မှာ တကယ်မရှိတဲ့ မရေမရာအာရုံက ဖြစ်စေလိုက်တာ ခံရတဲ့စိတ်ပဲ။

-လူမှာ ဒီစက်အမိခံရတော့ အမှန်အကန် သိမြင်တွေးခေါ်မှုတွေ အပျောက်ဆုံးခံရတာလား ဘုရား။

-ဟုတ်တယ်။

-ဘာမှ မတွေးခေါ်ဘဲတော့ နေမှာ မဟုတ်ဘူးပေါ့ဘုရား။

-တွေးတော့ တွေးနေမှာပေါ့။

-အရူးတွေးခေါ်နေတာမျိုး ဖြစ်မလား ဘုရား။

-ဟုတ်တယ်။

-ဒီတော့လည်း အတွေးအခေါ်မရှိဘူး ပြောရတော့တာပေါ့ ဘုရား။

-ဟုတ်တယ်၊ အတွေးတွေက လူအရာမှ မဝင်တာတွေဘဲ။

-ကာမ၊ရူပ၊အရူပ ဥပါဒါန်အာရုံနဲ့စပ်ပီး ငြိတဲ့ အသိအမြင် အတွေးအခေါ်တွေဟာ ကိလေသာတွေပေါ့ ဘုရား။

-ဟုတ်တယ်။

-ကိလေသာဟာ လူစိတ်မဟုတ်တော့ ဘယ်လိုလို့ သိရမလဲ ဘုရား။

-စိတ်ပျက်၊စိတ်ဆိုး၊စိတ်မကောင်း၊စိတ်ဖောက်...အစစတွေနဲ့ သိပေါ့။

-ရူးတာနဲ့ ကိလေသာစိတ်ဖြစ်တာ အတူလို့ ပြောရမလားဘုရား။

-နည်းနည်းပဲ ကွဲတာပဲ။

-ဘယ်လိုကွဲလို့လဲဘုရား။

-အရူးက အများစံနဲ့လွဲတယ်၊ ကိလေသာစိတ်က ဒါနဲ့မလွဲဘူး။

-အရူးစိတ်နဲ့ ကိလေသာစိတ် ဘာတွေတူကြသလဲ ဘုရား။

-အမှန်မဟုတ်တာကို အမှန်လုပ်တာချင်းမှာ တူကြတယ်။

-ဘာရဲ့ အမှန်မဟုတ်တာမှာ အမှန်လုပ်ကြလို့လဲဘုရား။

-လူဟာ လူအပေါ်မှာ အမြင်မှာပေါ့။

-အဲဒီအမြင်မှာ အရူးက ဘယ်လိုမြင်လို့လဲ ဘုရား။

-အရူးက လူမှာဖြစ်ပွားနေတာ မမြင်ဘဲ သူမြင်ချင်သလိုမြင်တယ်။

-ကိလေသာရှိသူက ဘယ်လိုမြင်လို့လဲ ဘုရား။

-လူမှာဖြစ်ပွားနေတာကို မြင်တယ်။

-လူမှာဖြစ်ပွားနေတာက ဘယ်လိုလဲဘုရား။

-ကယ်မယ့်သဏ္ဌာန်နဲ့ တွယ်မယ့်သဏ္ဌာန်လို့ပဲ။

-ကူညီမယ့်သဏ္ဌာန်၊ နှောက်ယှက်မယ့်သဏ္ဌာန်လို့လားဘုရား။

-ဟုတ်တယ်။

-အဲဒါတွေဟာ တကယ်အဟုတ်တွေပဲ မဟုတ်ဘူးလားဘုရား။

-လူဆီမှာ ရှိနေတာတွေ ဟုတ်ပါတယ် ။

-လူဆီမှာရှိနေတာအတိုင်း အမြင်ဆိုတော့ အမြင်မှန်ပေါ့ ဘုရား။

-မဟုတ်ဘူး။

-ဘယ်လိုလဲဘုရား။

-ခလေးထိန်းသူတွေက သူတို့ပါးစပ်နဲ့ မျက်စိတွေဖြုတ်ပြီး ကလေးကိုခြောက်တော့ ကလေးကမြင်ပြီး ကြောက်တာ အမှန်မြင်တာလား။

-ကလေးအနေနဲ့ မျက်နှာပြကြီးမြင်တာတော့ အမှန်ပေါ့ဘုရား။

-အဲဒါကြီးဟာ ကြောက်စရာအမှန်ဟုတ်ရဲ့လား။

-တကယ့်ကြောက်စရာတော့ မဟုတ်ဘူးပေါ့ဘုရား။

-ဒါကြီးမြင်တော့ ကလေးက မကြောက်ဘူးလား။

-ကြောက်တာပေါ့ဘုရား။

-ကလေးမြင်တဲ့ကြောက်စရာဟာ မြင်တဲ့အတိုင်းအမှန်လား

-မြင်ရတဲ့အရာရဲ့အမှန်ကို ကလေးက မသိတာဘဲဘုရား

-ကိုလေသာ ရှိသူကလည်း လူမှာဖြစ်ပွားနေတာတွေရဲ့အမှန်ကို မသိတာဘဲ

-လူမှာ ဖြစ်ပွားတာတွေဟာ အမှန်တွေမဟုတ်ဘူးလားဘုရား

-ကလေးခြောက်ဖို့ မျက်နှာဖြဲပြတာလည်း လူမှာရှိတာဖြစ်လို့ အမှန်ပဲလား

-ဒီလိုတော့ ဘယ်ဟုတ်မလဲပေါ့ ဘုရား

-လူမှာဖြစ်တိုင်း အမှန်လို့တော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲ

-အဲဒါမှခက်တာပဲ ဘုရား

-ဘယ်လိုခက်လို့လဲ

-မြင်ယင် မြင်ရတာရဲ့ ပမာဏမှန်အတိုင်း ဖြစ်ရမယ်လို့ ပြော ထားပြီး အခု အဲဒီအတိုင်း မဟုတ်လို့ပေါ့ ဘုရား

(ကိုယ်တိုင်ဖတ်ရှု နှိုင်းဆ အသိပွားရန်၊ ဖြန့်ဝေရန်မဟုတ်)